မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၀၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့။

ကျေးဇူးရှင်

✳ သစ်ပင်၏အရိပ်ကိုခိုဖူးလျှင် ထိုသစ်ပင်၏ သစ်ကိုင်းကို မချိုးဖွဲ့ရာ။

✳ သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင် စားသောက်ဖူး၏။

ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။

✳ ကျေးဇူးရှင်အားပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခရောက်တတ်၏။

(ဇာတကပါဠိ)

ကယားပြည်နယ်တွင် ငြိမ်းချမ်းရေးရောင်ခြည်များခံစားနေရပြီး ဖွံ့ဖြိုးမှုအခွင့်အလမ်းများလည်းရရှိ

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၃) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဇန်နဝါရီလ ၁၅ ရက်နေ့တွင်ကျရောက်သော (၆၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(၁) အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂)ပုဒ်မ ၈ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီပြည်နယ်"ဆိုသည့် စကားရပ် ပါရှိသည့်နေရာတိုင်း၌ ထိုစကားရပ်အစား "ကယားပြည်နယ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။ ထိုကဲ့သို့ ကရင်နီပြည်နယ်မှ ကယားပြည်နယ်သို့ ပြောင်းလဲခေါ်တွင်သည့် ပထမဦးဆုံးသော "ကယားပြည်နယ်နေ့" အခမ်းအနားကို ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှ စတင်၍ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် ၆၃ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို

စာမျက်နှာ ၃ ကော်လံ ၁ ❁

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၅ခုနှစ် အခွန်အကောက် ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ✳

> ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရသည့်အတွက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူနားလည်လွယ်သော လွယ်ကူရှင်းလင်းသည့် ပုံစံများဖြင့် ဘတ်ဂျက်ကိုချပြအသိပေးရေးတို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လုပ်ဆောင်လျက်ရှိ

ရွှေပေါက်ကံ-ဒဂုံမြို့သစ် (အရှေ့ပိုင်း)တံတားတည်ဆောက်နေ

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီ မြို့ပြအသွင်ဖြစ်ပေါ်လာစေရေး ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းစေရန်အတွက် ရန်ကုန်မြို့ ရွှေပေါက်ကံမြို့နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ကို ဆက်သွယ်တည်ဆောက်နေသော ကားလမ်းကူးတံတားသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးရန်ပုံငွေအရ ယခုအခါ တည်ဆောက်မှုလုပ်ငန်း ၆၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

"ဒီတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၁)က တာဝန်ယူ ဆောက်လုပ်နေတာဖြစ်ပြီး သတ်မှတ်ကာလဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ပိုမိုခိုင်မာသော ဆိုက်ဘာဥပဒေရေးဆွဲရန် သမ္မတအိုဘားမား တွန်းအားပေး *စာမျက်နှာ-၄*

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအား ကေအိုင်အေအဖွဲ့က ဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်ခဲ့ *စာမျက်နှာ-၁၀*

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် သတ်မှတ်ချက်များထုတ်ပြန်ကြေညာ *စာမျက်နှာ-၁၁*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စုစည်းညီညွတ်သည့် အင်အားဖြင့် ရင်ဆိုင်ကျော်လွှား

နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် အခြေတည်ခိုင်မာရေး၊ အနာဂတ်မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးများနှင့် ပတ်သက်၍ အမျိုးသားရေးအင်အားစုများ လက်တွဲအကောင်အထည်ဖော်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၂ ရက်က နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ရန် အဓိကအခြေခံအချက်များဖြစ်သည့်-

- ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးများ ဆက်လက်ဖြစ်ထွန်းစေရေးကိစ္စ၊
- ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးကိစ္စနှင့်
- လွတ်လပ်၍ တရားမျှတသော ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ပြီး မြင်သာသော အသွင်ကူးပြောင်းမှု နိုင်ငံရေးလုပ်ငန်းစဉ်များပေါ်ပေါက်ရေးနှင့် ကျန်ရှိနေသေးသည့် ကြားကာလနိုင်ငံရေးတည်ငြိမ်ရေးကိစ္စ

တို့အပေါ် ရှုထောင့်အသီးသီးမှနေ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာသည့် ဆွေးနွေးပွဲတစ်ရပ်ပင်ဖြစ်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ စုစုပေါင်း ၄၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက *မိမိတို့အားလုံးတွင် နိုင်ငံရေးအရ အမြင်မတူသည်များရှိကြသော်လည်း မိမိတို့နိုင်ငံကို ဒီမိုကရေစီအခြေခိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ပေါ်ထွန်းလာရေးဟူသည့်ဆန္ဒမှာ အားလုံးတွင် တူညီမှုရှိကြပါကြောင်း၊ မိမိတို့အချင်းချင်း လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မှုများ မလွဲမသွေ ရရှိမည်ဖြစ်ပါကြောင်း* ပြောကြားခဲ့ပြီး တူညီသည့်ရည်မှန်းချက်များနှင့် လက်တွဲလုပ်ဆောင်နိုင်သည့် ကိစ္စများကို ဖော်ထုတ်သွားကြရန်လည်း တိုက်တွန်းခဲ့သည်။

ဇန်နဝါရီ ၁၂ ရက် နိုင်ငံရေးဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတအပါအဝင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ စုစုပေါင်း ၄၈ ဦးတို့က နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်ရန် ဝိုင်းဝန်းဆွေးနွေးအဖြေရှာခဲ့ကြခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးပွဲများကို အချိန်အခါနှင့် အခြေအနေပေါ်မူတည်ပြီး အားလုံးညှိနှိုင်း၍ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

မိမိတို့ ယနေ့ဖြတ်သန်းနေကြရသည့် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံသမိုင်းတွင် ထူးခြားအရေးပါမည့် နိုင်ငံရေးဖြစ်စဉ်နှစ်ရပ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးရေးနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုများအားလုံး ပါဝင်ယှဉ်ပြိုင်သည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်မျှတစွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးပင်ဖြစ်သည်။

နိုင်ငံတော်ကို အသွင်ကူးပြောင်းရေးဆောင်ရွက်ရာ၌ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရစမြဲ ဓမ္မတာအတိုင်း မည်သို့သောအခက်အခဲ အကျပ်အတည်းနှင့် စိန်ခေါ်မှုများကိုမဆို နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်ရပ်လုံး၏အင်အားဖြင့် ရင်ဆိုင်ကျော်လွှားကာ နိုင်ငံရေးတည်ငြိမ်မှုမှသည် ဒီမိုကရေစီအခြေခိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အဆင့်ဆင့် တည်ဆောက်သွားကြရမည်ဟု မြန်မာ့အလင်းက ရှုမြင်ပါကြောင်း။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒေသဆိုင်ရာလိုအပ်ချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မြောက်ပြင်ရွာ၊ ရွာသာရွာ၊သက်ရွာ၊ မိဖုရားရွာ၊ မဲကုန်းရွာ၊ ခြောက်မူးကျွန်းရွာ၊ မြေတော်ရွာများသို့ ရောက်ရှိပြီး ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံကာ ဒေသဆိုင်ရာလိုအပ်ချက်များကို မေးမြန်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးပစ္စည်းများနှင့် စာအုပ်စာစောင်များကို ပေးအပ်ခဲ့သည်။

ယင်းနောက် ဆင်ခြေရာရွာ၊ ဘုန်းတော်ပြည့်ရွာ၊ ကံဦးရွာ၊ တောင်ကုန်းရွာ၊ စည်သစ်မြင်ရွာ၊ ကိုင်းရွာနှင့် ညောင်မွှေးပင်ကျေးရွာ ခုနစ်ရွာအတွက် ဆေးပစ္စည်းများနှင့် စာအုပ်စာစောင်များကို တာဝန်ရှိသူများ ထံပေးအပ်ပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသည့် မြေတော်ကျေးရွာ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် တည်ဆောက်ရန်မှာကြားခဲ့သည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် လွိုင်ကော်မြို့ ကန္တရဝတီ အားကစားကွင်း ကြက်တောင်အားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲဝင် ကရာတေးဒို အားကစားသမားများ အခြေခံနည်းစနစ်များဖြင့် သရုပ်ပြနေစဉ်။

(ပြည်နယ် ပြန်/ဆက်)

တရားလွှတ်တော် စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ ဌာနတွင်းမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တရားရေး အရာရှိများနှင့် သင်တန်းသားသင်တန်း သူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော (၆၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ အထူးတရားပွဲများအဖြစ် စေတီတော်ရင်ပြင် ဓမ္မပိမာန်တော်၌ ဇန်နဝါရီ ၂၄ ရက်တွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသ၊ ဇန်နဝါရီ ၂၅ ရက်တွင် ကလေးဝ တောရကျောင်းတိုက်ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇာဂရာဘိဝံသနှင့် ဇန်နဝါရီ ၂၆ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ (ယောဆရာတော်)တို့က ညစဉ် ည ၇ နာရီခွဲမှ စတင်ကာ တရားတော်များ ဟောကြားကြမည်ဖြစ်ရာ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **ကိုချစ်**

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

မိမိတို့ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန် အခါကာလသည် ထိုကဲ့သို့ မလိုလားအပ်သောအတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် လက်တွဲဖော်ဆောင်ရွက်ရမည့် အချိန်အခါကောင်းလည်းဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါသည်။ ယနေ့အချိန်တွင် ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများလည်းရရှိနေပြီဖြစ်ပါသည်။ ထို့အပြင် အေးချမ်းသာယာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများနှင့်လည်း ပြည့်စုံနေပြီဖြစ်ပါသည်။ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန်လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပေသည်။ နိုင်ငံတော်အစိုးရက ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး စသည့်ကဏ္ဍများအပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့လျှောက်လှမ်းရာတွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ

ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန်လို

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများအားတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့်လည်းကောင်း**(ယာပုံ)**၊ ညနေ ၃ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

ထို့အပြင် မစ္စရန်ဟီလီသည် နံနက် ၉ နာရီတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် မြေယာအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံကဆောင်ရွက်နေသည့် လူ့အခွင့်အရေးမြှင့်တင်ရေး၊ ခုံရုံးဆိုင်ရာဥပဒေကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ နည်းဥပဒေများပြင်ဆင်ဆောင်ရွက်မှု၊ မဲစာရင်းပြုစုခြင်းနှင့် မဲပေးပိုင်ခွင့်အခြေအနေ ရွေးကောက်ပွဲတွင် သတင်းလွတ်လပ်စွာ ရေးသားဖော်ပြနိုင်မှုနှင့် လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် မဲပေးခြင်းလုပ်ငန်းစဉ်များ၊ မြေယာအသုံးချမှု စီမံခန့်ခွဲရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာ-အမေရိကန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပလျက်ရှိသည်။ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်ကလည်းကောင်း၊ အမေရိကန်ဘက်မှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တွမ်မလီနော်စကီးက လည်းကောင်း အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာဘက်မှ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန(၄)၊ သာသနာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

အမေရိကန်ဘက်မှ လူဦးရေ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး၊ ပစိဖိတ်တပ်မတော်၏ ဒုတိယအကြီးအကဲ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် အလုပ်သမားဆိုင်ရာ ဗျူရို၊ ပဋိပက္ခနှင့်တည်ငြိမ်အေးချမ်းရေးဆိုင်ရာ လုပ်ငန်းဗျူရို၊ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၊ USAID အာရှဆိုင်ရာ ဗျူရိုစသည်တို့မှ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ အရာရှိများ အစရှိသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အဇာဘိုင်ဂျန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၁၅

မစ္စတာ ကယ်လီ အယ်လီယေးဗစ်ချ် အာလာဗာဒီယက်ဗ်အား ကွာလာလမ်ပူမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ကယ်လီ အယ်လီယေးဗစ်ချ် အာလာဗာဒီယက်ဗ်အား ၁၉၅၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၎င်း သည် အဇာဘိုင်ဂျန်ရှိ ဘာကူးတက္ကသိုလ်၊ အရှေ့တိုင်းပညာလေ့လာမှုဌာနတွင် ပညာသင်ယူခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်တွင် သိပ္ပံဘွဲ့နှင့် ၁၉၉၃ ခုနှစ်တွင် သိပ္ပံပါရဂူဘွဲ့တို့ကို အသီးသီးရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ အီရတ်၊ ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံတို့တွင် စကားပြန်အဖြစ်လည်းကောင်း၊ အမျိုးသားသိပ္ပံကျောင်းတွင် သိပ္ပံသုတေသီအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီးဌာန အစ္စလာမ့်စ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဆိုင်ရာဌာန၌ ပထမအတွင်းဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အဇာဘိုင်ဂျန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီဂျစ်၊ တူရကီ၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့ရှိ အဇာဘိုင်ဂျန်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် မေလမှစ၍ မလေးရှားနိုင်ငံဆိုင်ရာ အဇာဘိုင် ဂျန်သံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိပြီး ၂၀၁၄ ခုနှစ် မတ်လမှစ၍ ဘရူနိုင်းဒါရုစလမ်နိုင်ငံဆိုင်ရာ အဇာဘိုင်ဂျန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိသည်။

သံအမတ်ကြီး မစ္စတာ ကယ်လီ အယ်လီယေးဗစ်ချ် အာလာဗာဒီယက်ဗ်သည် အိမ်ထောင်ရှိပြီး သားသမီးသုံးဦးရှိသည်။ **(သတင်းစဉ်)**

⁂ ကျောဖုံးမှ

လုပ်ဆောင်လျက်ရှိသည်။ နောက်ဆိပ်ခံတစ်ခုဖြစ်သည့် (IWT) သည် အလျား ၅၄ မီတာနှင့် အနံ ၁၅ ဒသမ ၂ မီတာ ကျယ်ဝန်းရှည်လျားကာ ပြည်တွင်းရေကြောင်း သင်္ဘောအမျိုးမျိုးဆိုက်ကပ်နိုင်ရန် စီစဉ်လုပ်ဆောင်လျက်ရှိသည်။

" ကျွန်တော်တို့ Essar Projects အနေနဲ့ ဒီစစ်တွေကမ်းခြေကို နိုင်ငံတကာအဆင့်မီ အခုလို ဆိပ်ခံတံတားကြီးတွေ တည်ဆောက်ဖြစ်တာက မြန်မာနိုင်ငံအစိုးရနဲ့ အိန္ဒိယနိုင်ငံအစိုးရတို့ ပူးပေါင်းအကောင်အထည်ဖော်မှုကြောင့် အိန္ဒိယအစိုးရရဲ့တာဝန်ပေးချက်အရ ၂၀၁၂ ခုနှစ်ကတည်းက လာရောက်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ အတတ်နိုင်ဆုံး ဒီနှစ်ဦးပိုင်းအတွင်း စောနိုင်သမျှ စောစောပြီးအောင် ဂရုစိုက်လုပ်ဆောင်သွားမှာပါ" ဟု အဆိုပါလုပ်ငန်းအား တာဝန်ယူတည်ဆောက်နေသည့် Essar Projects Ltd. မှ စီမံကိန်းနှင့်တည်ဆောက်ရေး လက်ထောက်မန်နေဂျာ RAVI TEJA PY DI က ပြောကြားသည်။

အဆိုပါ စစ်တွေကမ်းခြေ၏ ဆိပ်ခံတံတားကြီးနှစ်စင်းကို နိုင်ငံတော်အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀ ကျော် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုတည်ဆောက်နေသည့် စစ်တွေကမ်းခြေ၏ ဆိပ်ခံတံတားနှစ်စင်းကို Essar Projects Ltd. သည် လုပ်သားအင်အား ၂၅၀ ကျော်ဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး နေ့ရော၊ ညပါ အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ အဆိုပါဆိပ်ခံတံတားနှစ်စင်းနှင့်အတူ ကမ်းခြေတွင် ဂိုဒေါင်ကြီးများ၊ အအေးခန်းပစ္စည်း သိုလှောင်ရုံများ၊ အဆောက်အအုံများ၊ ရုံးခန်းများ၊ ဟိုတယ်ကြီးများ၊ စားသောက်ခန်းများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ အဆောက်အအုံများ၊ လုံခြုံရေးပိုင်းဆိုင်ရာအဆောက်အအုံများနှင့်အတူ နိုင်ငံတကာကဲ့သို့ ခေတ်မီဆိပ်ကမ်းကြီးတစ်ခု တည်ဆောက်ရာတွင် ပါရှိရမည့် အဆောက်အအုံများ ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ Essar Projects Ltd. အနေဖြင့် မြန်မာနိုင်ငံ ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံသို့ တိုက်ရိုက်ကူးလူး သွားလာနိုင်မည့် ပလက်ဝ- အိန္ဒိယ လမ်းကိုလည်း နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံး ပုံစာအညွှန်းတွင် ဖော်ပြခဲ့သော **"နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ကေဒီဒီအိုင်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာတာကာရှီတာနာကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်"** အစား **"နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှီဟီဂူချီအား ရင်းရင်းနှီးနှီးနှုတ်ဆက်"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ပိုမိုခိုင်မာသော ဆိုက်ဘာဥပဒေရေးဆွဲရန် သမ္မတအိုဘားမား တွန်းအားပေး

ဝါရှင်တန် ဇန်နဝါရီ ၁၄

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အရေးကြီးသည့် နေရာဌာနများကို ဆိုက်ဘာတိုက်ခိုက်ခံရပြီးနောက် ပိုမိုခိုင်မာသည့် ဆိုက်ဘာလုံခြုံရေးဥပဒေရေးဆွဲရန် အခိုင်အမာ ပြောကြားခဲ့သည်။

မကြာသေးမီက ဆိုနီရုပ်ရှင်နှင့် ပင်တဂွန်တွစ်တာတို့ ဆိုက်ဘာတိုက်ခိုက်ခံရမှုနှင့် စပ်လျဉ်း၍ ပိုမိုတင်းကျပ်သော ဥပဒေပြဋ္ဌာန်းရန် အလေးအနက်စဉ်းစားရမည်ဟု သမ္မတက ပြောသည်။

အဆိုပြုချက်ကို လွှတ်တော်သို့ ချက်ချင်းတင်သွင်းမည်ဖြစ်သည်။ ယခင်က ဆိုက်ဘာလုံခြုံရေးဥပဒေကို တင်သွင်းခဲ့သော်လည်း ပြည်သူ့လွတ်လပ်ရေးလှုပ်ရှားသူများက ကန့်ကွက်ခဲ့သည်။

အင်တာနက်သုံးစွဲသူ အမြောက်အမြားသည် ဆိုက်ဘာရာဇဝတ်မှုများ၏တိုက်ရိုက်ထိုးနှက်မှုကို ခံနေရသည်။ ရီပတ်ဘလစ်ကန် ဦးဆောင်သည့် လွှတ်တော်တွင် ဥပဒေသစ်ကို ထောက်ခံမည့် အရိပ်လက္ခဏာများ တွေ့မြင်နေရသည်။

ပိုမိုခိုင်မာသည့် ဆိုက်ဘာလုံခြုံရေးဥပဒေရေးဆွဲရန် နှစ်ပေါင်းများစွာကြိုးစားခဲ့ပြီး ရီပတ်ဘလစ်ကန်နှင့်အတူ အများသဘောတူညီမှု ရရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ **(ဘီဘီစီ)**

အိန္ဒိယမြောက်ပိုင်း ဂင်္ဂါမြစ်အတွင်း ရုပ်အလောင်းများတွေ့ရှိ

နယူးဒေလီ ဇန်နဝါရီ ၁၄

အိန္ဒိယမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဂင်္ဂါမြစ်အတွင်းမှ ရုပ်အလောင်းများတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ရုပ်အလောင်းများသည် မြစ်အတွင်း ရေချသင်္ဂြိုဟ်ခြင်း သို့မဟုတ် မြစ်ကမ်းပါးအနီးမြှုပ်နှံခြင်းတို့ကြောင့်ဖြစ်ကြောင်း သတင်းများက ဆိုသည်။

ဂင်္ဂါမြစ်သည် အိန္ဒိယနိုင်ငံ၏ အထွတ်အမြတ်အထားဆုံး မြစ်ဖြစ်သည်။ သို့သော်လည်း မိုင်ပေါင်း ၁၅၀၀ ရှည်လျားသည့် အဆိုပါမြစ်သည် စက်မှုစွန့်ပစ်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် ရေဆိုးများကြောင့် ဆိုးရွားစွာ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ ပြီးခဲ့သည့်နှစ်က အာဏာရလာပြီးနောက် ၎င်းမြစ်ကို သန့်ရှင်းအောင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုထားသည်ဟု ဆိုသည်။

အင်္ဂါနေ့က အဆိုပါမြစ်၏ မြစ်ကမ်းဘေးအနီးမှ ရုပ်အလောင်းများ မျောပါနေသည်ကို အံ့သြစွာတွေ့ရကြောင်း ဥတ္တရပရာဒေ့ရှ် အန်နောခရိုင် အာဏာပိုင်များက ပြောသည်။

"ရုပ်အလောင်း ၃၅ လောင်းကနေ ၅၀ အတွင်း တွေ့ရှိခဲ့ပါတယ်။ ဒါတွေကို မြှုပ်နှံသင်္ဂြိုဟ်ဖို့စီစဉ်နေပါတယ်"ဟု ထိပ်တန်းဒေသဆိုင်ရာ တာဝန်ရှိသူ ဆာမြာအာဂါဝါက စီအင်န်အင်န်-အိုင်ဘီအင်န်သတင်းချန်နယ်သို့ ပြောကြားသည်။ **(ဘီဘီစီ)**

အနောက်အာဖရိကမှပြန်လာသော အမေရိကန်တပ်ဖွဲ့ဝင်၏ အလောင်းကို အီဘိုလာကူးစက်မှု ရှိ မရှိ ဆေးစစ်မှုပြုလုပ်

နယူးယောက် ဇန်နဝါရီ ၁၄

အနောက်အာဖရိကမှ ပြန်လာပြီးနောက် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏ အလောင်းကို အီဘိုလာကူးစက်မှု ရှိ မရှိ ဆေးစစ်ဆေးမှု ပြုလုပ်နေပြီဖြစ်သည်။

အီဘိုလာဗိုင်းရပ်စ်ပိုးကူးစက်မှု လက္ခဏာမတွေ့ရသေးသော်လည်း စိုးရိမ်ကြောင့်ကြမှုများကို လျှော့ချပေးရန် ဆေးစစ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါတပ်ဖွဲ့ဝင်သည် တက္ကဆက်၊ ကီလင်းရှိ အမေရိကန် ကြည်းတပ်၏ ဖို့ဟုဒ်အခြေစိုက်စခန်း၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အခြေစိုက်စခန်းက ဖော်ပြခဲ့သည်။ အဆိုပါတပ်ဖွဲ့ဝင်သည် အီဘိုလာဖြစ်ပွားနေမှုကို တိုက်ဖျက်ရန် စေလွှတ်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၃၀၀ အနက် တစ်ဦးဖြစ်ပြီး မကြာသေးမီက အနောက်အာဖရိကမှ ပြန်လာခဲ့ခြင်းဖြစ်သည်။

အနောက်အာဖရိက၌ ၂၀၁၄ ခုနှစ် မတ်လက အီဘိုလာဖြစ်ပွားခဲ့ရာ ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူအရေအတွက်မှာ တိုးလာခဲ့သည်။ ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၈၃၈၆ ဦးရှိခဲ့ပြီး ၂၁၁၇၁ ဦးကျော် ရောဂါကူးစက်ခံခဲ့ရကြောင်း ဇန်နဝါရီ ၁၂ ရက်က ဖော်ပြချက်အရ သိရသည်။ **(ပရက်စ်တီဗွီ)**

ကလေးမှောင်ခိုကူးသည့်ဂိုဏ်းကို တရုတ်ရဲများဖြိုခွင်း ကလေး ၃၇ ဦးကို ကယ်တင်နိုင်

ဂွမ်ဇိုး ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ရှန်တုန်ပြည်နယ် အရှေ့ပိုင်းရှိ လူကုန်ကူးသည့်ဂိုဏ်းမှ စီမံလုပ်ကိုင်နေသော တရားမဝင်စက်ရုံတစ်ရုံသို့ ဝင်ရောက်စီးနင်းနိုင်ခဲ့ရာ မွေးကင်းစကလေးငယ် ဒါဇင်များစွာကို ကယ်တင်နိုင်ခဲ့သည်ဟု သိရသည်။

ရှန်တုန်ရှိ ယင်းစက်ရုံအတွင်း ဝင်ရောက်စီးနင်း၍ ကလေးငယ် ၃၇ ဦး ကယ်တင်နိုင်ခဲ့ပြီး ထိုင်ရန်၊ လင်ယီ၊ ကွာဖူနှင့် ဂျင်နင်ဒေသများကိုဖြတ်၍ ကလေးမှောင်ခိုကူးသူ ၁၀၃ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု CCTV သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်က ပြောခဲ့သည်။ မွေးကင်းစကလေးငယ်များအား ဟင်းသီးဟင်းရွက် အကြွင်းအကျန်နှင့်ခေါက်ဆွဲများကျွေးထားပြီး ညစ်ပတ်နေသည့် အနေအထားဖြင့် တွေ့ရသည်ဟုဆိုသည်။ ကလေးငယ်များအားလုံးသည် ကျန်းမာမှုမရှိသည့်အပြင် အနည်းဆုံးခုနစ်ဦးမှာ AIDS ရောဂါရှိနေသည်ဟု ရဲက ပြောသည်။

အာဏာပိုင်များက ကလေးမှောင်ခိုကူးသည့်ဂိုဏ်းမှ သံသယရှိသူများအား အမျိုးသမီးများကို အခကြေးငွေပေး၍ ကိုယ်ဝန်ဆောင်စေလျက် စက်ရုံအတွင်း မွေးဖွားစေမှုဖြင့် စွပ်စွဲထားသည်ဟု ဆိုသည်။ စက်ရုံအတွင်းရှိ အနေအထားမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသလို ကြီးကြပ်မှုမရှိဘဲ ကလေးမွေးဖွားရန် လုံးဝမသင့်လျော်ကြောင်း၊ ထို့ပြင် ကလေးငယ်များမှာ မွေးဖွားပြီးသည်နှင့်တစ်ပြိုင်တည်း မိခင်ထံမှ ယူဆောင်သွားခြင်း ခံရသည်ဟု ရဲကပြောသည်။

တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနအတွင်းရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးရုံးမှ ညွှန်ကြားရေးမှူး ချန်ရှီကူက နိုင်ငံသည် ကလေးစက်ရုံဟုခေါ်ဆိုသော ကလေးမှောင်ခိုကူးမှု ပုံစံသစ်တစ်မျိုးနှင့် ရင်ဆိုင်တွေ့နေရသည်ဟုပြောသည်။

မှောင်ခိုကူးသူများသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား စွန့်ပစ်စက်ရုံဟောင်းတစ်ရုံအတွင်း မွေးဖွားရန်စီစဉ်ပေးပြီးနောက်တွင် ကလေးငယ်များအား ရောင်းချကြသည်ဟု ၎င်းကပြောသည်။ အမျိုးသမီးများသည် ကလေးငယ်များကို ရောင်းချရာမှ ယောကျာ်းလေးဖြစ်လျှင် အမေရိကန်ဒေါ်လာ 7500 နှင့် 13500 အတွင်းရရှိပြီး မိန်းကလေးဖြစ်လျှင် ငွေကြေးအနည်းငယ်သာရရှိကြသည်။

၂၀၁၂ ခုနှစ်က မှောင်ခိုကူးသူများနှင့် ဆရာဝန်များအပါအဝင် ရာဇဝတ်သား ခုနစ်ဦးပါဝင်သည့် ဂိုဏ်းတစ်ဂိုဏ်းသည် လင်ရီမြို့ရှိ ဒေသဆေးရုံတစ်ရုံမှ ကလေးငယ်ခြောက်ဦးကို ရောင်းစားခဲ့ဖူးသည်။

ဝေဖန်သူများက ကလေးငယ်များအား မှောင်ခိုကူးနေသည့် ဈေးကွက် အောင်မြင်နေခြင်းအတွက် တရုတ်အစိုးရ၏တစ်အိမ်ထောင်လျှင် ကလေးတစ်ဦးသာ မွေးဖွားရေးဟူသော မူဝါဒနှင့် စနစ်မကျသောကလေးမွေးစားခြင်း ဥပဒေများကို ပြစ်တင်ရှုတ်ချကြသည်။ **(ပရက်စ်တီဗွီ)**

ပတ်ရှ်ဝါရှိ ကျောင်းကို တိုက်ခိုက်သူဟု သံသယဖြစ်ဖွယ်ငါးဦး အာဖဂန်နစ္စတန်တွင်ဖမ်းဆီး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၄

ပါကစ္စတန်နိုင်ငံ ပတ်ရှ်ဝါမြို့ရှိ အစိုးရတပ်ဖွဲ့က ဖွင့်လှစ်ထားသည့် စာသင်ကျောင်းကို တိုက်ခိုက်ခဲ့သည်ဟု သံသယရှိသူ ငါးဦးအား အာဖဂန်နစ္စတန်တွင် ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက အင်္ဂါနေ့က ပြောကြားခဲ့သည်။

တာလီဘန်အုပ်စုသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က အဆိုပါကျောင်းတွင်ဝန်ထမ်း ၁၀ ဦးနှင့် ကျောင်းသား ၁၄၀ ကို သတ်ဖြတ်ခဲ့သည်။

ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုကို စီစဉ်သူနှင့် အဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ကြောင်း ရုပ်သံလိုင်းတစ်ခုဖြစ်သော ဂျီအိုတယ်လီဗီးရှင်းက ဖော်ပြခဲ့သည်။ ပါကစ္စတန်အရာရှိများက ဖမ်းဆီးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့သည်။

စွပ်စွဲခံရသူများသည် ပါကစ္စတန်နိုင်ငံသားများဖြစ်ပြီး တာလီဘန်အဖွဲ့၏ အရေးပါသော တပ်မှူးများဖြစ်ကြသည်။ ပါကစ္စတန်အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ သတင်းပေးချက်အရ ၎င်းတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဂျီအိုရုပ်သံလိုင်းက ပြောသည်။

မေးမြန်းစစ်ဆေးမှုများအပြီးတွင် ပါကစ္စတန်ထံသို့ ၎င်းတို့ကိုလွှဲပြောင်းပေးမည်ဟု သိရသည်။ မျိုးနွယ်စုဒေသများ၌ ပြုလုပ်သည့် စစ်ဆင်ရေးများကြောင့် ပါကစ္စတန်တာလီဘန်များသည် အာဖဂန်နစ္စတန်သို့ ထွက်ပြေးကြကြောင်း ပါကစ္စတန်က ပြောကြားသည်။ **(ဆင်ဟွာ)**

ဂျပန်ကာကွယ်ရေးဘတ်ဂျက် ဒေါ်လာ ၄၂ ဘီလီယံသုံးရန် သဘောတူ

တိုကျို ဇန်နဝါရီ ၁၄

တရုတ်နှင့် ရေကြောင်းပိုင်နက် အငြင်းပွားမှုကာလကြာမြင့်နေချိန် ဂျပန်အစိုးရဝန်ကြီးအဖွဲ့က ကာကွယ်ရေးအသုံးစရိတ် ဘတ်ဂျက်ကို ဂျပန်ယန်း ၄ ဒသမ ၉၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံ) သုံးစွဲရန် သဘောတူလိုက်သည်။

အဆိုပါ ဘတ်ဂျက်သစ်သည် ယမန်နှစ်ဘဏ္ဍာရေးနှစ်ထက် ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်သည်။ ယင်းမှာ ဆယ်စုနှစ်တစ်ခုအတွင်း ကာကွယ်ရေးဘတ်ဂျက် လျှော့ချခဲ့ပြီးနောက် သုံးနှစ်ဆက်တိုက် ဘတ်ဂျက်တိုးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ပတ်ဝန်းကျင်၌ ပြောင်းလဲလျက်ရှိသော အခြေအနေများကို ရင်ဆိုင်ကိုင်တွယ်ရန် လိုအပ်နေကြောင်း ကာကွယ်ရေးဝန်ကြီးသစ် ဗိုလ်ချုပ်ကြီး နာကာတာနီက ပြောသည်။

အဆိုပါငွေကြေးသည် သင်္ဘောနှင့် လေယာဉ်တို့ကိုအသုံးပြု၍ ကင်းလှည့်ရာတွင် အသုံးပြုဖွယ်ရှိသည်။ ယင်းတို့တွင် ရေကြောင်းကင်းလှည့်လေယာဉ် အစင်း ၂၀နှင့် လေယာဉ်နှင့် ရဟတ်ယာဉ်အဖြစ် အသုံးပြုနိုင်စွမ်းရှိသော ခရော့စ်အိုဗာ လေယာဉ်ပျံငါးစင်း၊ ကိုယ်ပျောက် တိုက်လေယာဉ် ခြောက်စင်းတို့ပါဝင်သည်ဟု ဆိုသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်းနှင့်ရေ နှစ်လမ်းသွားယာဉ် ၃၀ နှင့် အဝေးရှိ သင်္ဘောနှင့် အခြားသောလေယာဉ်များကို စုံစမ်းထောက်လှမ်းနိုင်သည့် စောစီးစွာ သတိပေးရေးစနစ်သုံး လေယာဉ် တစ်စင်းတို့ကို ဝယ်ယူရန် စီစဉ်လျက်ရှိသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲတွင် အစုအဖွဲ့အလိုက် ဆွေးနွေးချက်များ

အုပ်စု (၁)မှ ကိုယ်စားလှယ် ဦးနော်အောင်၊ ရန်ကုန်သရဖူ သံရည်ကျိုစက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မှော်ဘီမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၏ ဆွေးနွေးချက်

မေးခွန်း (၁) ဖြစ်သော အလုပ်သမားများအတွက်သာမက အလုပ်ရှင်များအတွက်ပါ သင့်တင့်မျှတသော အနည်းဆုံးအခကြေးငွေနှုန်းထားတစ်ရပ်ကို ဆွေးနွေးအဆိုပြုတင်ပြရန်နှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တစ်နေ့လျှင် ငွေကျပ် ၃၀၀၀ နှုန်း ရရှိလိုကြောင်း၊ ပဲခူးတိုင်းဒေသကြီး ဆွာမြို့နယ်ရှိ အထပ်သား(သစ်လုပ်ငန်း)လုပ်သားများက တစ်နေ့လျှင် ငွေကျပ် ၄၀၀၀ နှုန်း ရရှိလိုကြောင်း၊ ရန်ကုန်အခြေစိုက် အလုပ်သမားများက တစ်နေ့လျှင် ငွေကျပ် ၆၀၀၀ နှုန်းရရှိလိုကြောင်း၊ မေးခွန်း (၂) ဖြစ်သော အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရာတွင် မည်သည့်ခေါင်းစဉ်မျှ မပါရှိဘဲ တစ်နေ့အလုပ်ချိန် ၈ နာရီအတွက် လုပ်ခသက်သက်ကိုသာ သတ်မှတ်ရန် သဘောတူ/မတူနှင့် ပတ်သက်၍ အုပ်စု (၁)အနေဖြင့် သဘောတူပါကြောင်း၊ မေးခွန်း (၃) ဖြစ်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို ဒေသအလိုက် (သို့မဟုတ်)လုပ်ငန်းကဏ္ဍအလိုက်သတ်မှတ်ရန်နှင့်ပတ်သက်၍ ဒေသအလိုက်တွင် လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်သင့်ကြောင်း တင်ပြပါသည်။

အုပ်စု (၁) မှ တင်ပြချက်အပေါ် ဦးတင်ခိုင်၊ အထပ်သားစက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ဆွာမြို့နယ် ပဲခူးတိုင်းဒေသကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

နယ်တွင် တစ်နေ့လျှင် ငွေကျပ် ၄၀၀၀ နှုန်းဆိုလျှင် အဆင်ပြေနိုင်ကြောင်း၊ ဆေးခွင့်၊ လုပ်သက်ခွင့်၊ ရှောင်တခင်ခွင့်များအတွက် လစာမှ ဖြတ်တောက်မှု မရှိပါက သဘောတူပါကြောင်း တင်ပြပါသည်။

အုပ်စု (၂) မှ ကိုယ်စားလှယ် ဦးသက်နှင်းအောင်၊ ဗဟိုသတင်းအဖွဲ့ တာဝန်ခံ၊ MTUF ၏ ဆွေးနွေးချက်

မေးခွန်း (၁) အတွက် အနည်းဆုံးအခကြေးငွေသည် တစ်လလျှင် ငွေကျပ် ၁၀၀၀၀၀ အောက် မလျော့နည်းစေလိုကြောင်း၊ မေးခွန်း (၂) ကို သဘောတူပါကြောင်း၊ မေးခွန်း (၃) အတွက် မူလကဒေသအလိုက် သတ်မှတ်ရန် စဉ်းစားထားပါကြောင်း၊ သို့သော် အထွေထွေကုန်ကျစရိတ် မတူညီနိုင်ပါကြောင်း၊ ကုန်စျေးနှုန်းလည်း မတူညီနိုင်ပါကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ရှိ လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ပေးစေလိုကြောင်း တင်ပြပါသည်။

အုပ်စု (၂) မှ တင်ပြချက်အပေါ် ဦးကျော်ငွေး၊ ပျဉ်းမနားသကြားစက် အခြေခံအလုပ်သမား အဖွဲ့အစည်း၊ နေပြည်တော်၏ ဖြည့်စွက်ဆွေးနွေးချက်

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင် ဒေသတစ်ခုနှင့် တစ်ခု မတူညီနိုင်ခြင်းသည် အမှန်ပင်ဖြစ်ကြောင်း၊ မိမိတို့နေပြည်တော်တွင် ငွေကျပ် ၃၅၀၀ နှင့် ငွေကျပ် ၄၀၀၀ ကြားဆိုလျှင် လူနေမှုအဆင့်မနိမ့်နိုင်ကြောင်း၊ အနည်းဆုံးအခကြေးငွေကို ဒေသအလိုက် သတ်မှတ်သင့်ကြောင်း တင်ပြပါသည်။

အုပ်စု (၃)မှ ကိုယ်စားလှယ် ဦးအောင်လင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် MTUF ၏ ဆွေးနွေးချက်

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များကို အားကြိုးမာန်တက်ကြိုးစားနေသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ အနည်းဆုံးအခကြေးငွေကိစ္စသည် နိုင်ငံ၏မီးခဲဖြစ်ကြောင်း၊ မိမိတို့လည်း ဤကိစ္စနှင့်ပတ်သက်၍ ကြောက်မိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြတ်ပြတ်သားသား ဆွေးနွေးဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းခွင်ပြဿနာအများစုသည် လုပ်ခလစာကြောင့်ဖြစ်ပါကြောင်း၊ ယင်းပြဿနာများသည် ဒေသတွင်းလုပ်ငန်းခွင်မတည်ငြိမ်မှုကို ဖြစ်စေကြောင်း၊ အနည်းဆုံးအခကြေးငွေတွင် ဒွိဟကွဲပြားစရာများရှိကြောင်း၊ လုပ်ရသည့်လုပ်ငန်းစဉ်များလည်း များပြားကြောင်း၊ ကျန်းမာပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်အတွက် အနည်းဆုံးအခကြေးငွေ ကိစ္စရပ်သည်လည်း ပါဝင်နေပါကြောင်း၊ မိမိတို့ အုပ်စု (၃) အနေဖြင့် တစ်ဦးချင်းစီ၏ ဆွေးနွေးချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ဆွာအခြေခံအထပ်သားစက်ရုံမှ ဦးကိုကိုနိုင်က တစ်ရက်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီအတွက် သတ်မှတ်ပေးစေလိုကြောင်း၊ AFFM မွန်ပြည်နယ် ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက တစ်ရက်လျှင်ငွေကျပ် ၇၀၀၀ နှုန်း သတ်မှတ်ပေးစေလိုကြောင်း၊ AFFM ကရင်ပြည်နယ်မှ ဦးကိုကိုဦးက စိုက်ပျိုးရေးကဏ္ဍအတွက် လုပ်ခသတ်မှတ်ပေးရန်နှင့် ဒေသအလိုက် လိုက်လျောညီထွေဖြစ်စေမည့် လုပ်ခကို သတ်မှတ်ပေးစေလိုကြောင်း၊ AFFM ပဲခူးတိုင်းတာဝန်ခံ ဦးစောလွင်က လယ်သမားများအတွက် တစ်ရက်လျှင် ငွေကျပ် ၃၀၀၀ နှုန်း သတ်မှတ်ပါက သင့်လျော်ပါကြောင်း၊ MTUF မှ ဦးအောင်သူက တစ်နာရီလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် တစ်ရက်လျှင် ငွေကျပ် ၄၈၀၀ နှုန်းဆိုပါက အလုပ်ရှင်/အလုပ်သမား နှစ်ဖက်စလုံး အဆင်ပြေနိုင်ကြောင်း၊ AFFM ဝေါမြို့နယ်မှ ဦးမြင့်အောင်က လယ်ယာကဏ္ဍအပါအဝင် အလုပ်သမားအားလုံး တစ်ရက်လျှင် ငွေကျပ် ၄၀၀၀နှုန်း ရသင့်ကြောင်း၊ တိုတယ်မြန်မာအထည်ချုပ်စက်ရုံမှ ဦးအောင်မြတ်သူက တစ်ရက်လျှင် အခြေခံလစာ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီကို သဘောတူပါကြောင်း၊ ဒေါက်တာစိုင်းခိုင်မျိုးထွန်းက စက်မှုအခန်းကဏ္ဍအတွက် လုပ်ခလစာ သီးခြားသတ်မှတ်သင့်ကြောင်း၊ လယ်ယာလုပ်ငန်းခွင်အတွက် တစ်ရက်လျှင် ငွေကျပ် ၇၀၀၀ နှုန်း သတ်မှတ်ပါက လယ်သမားများအတွက် အဆင်မပြေနိုင်ကြောင်း၊ စက်မှုဇုန်တွင် လုပ်အားခများပါက လယ်ယာလုပ်သားနည်းသွားနိုင်ကြောင်း၊ လယ်သမားနှင့် အလုပ်သမားလုပ်ခလစာ မတိမ်းမယိမ်းဖြစ်သင့်ကြောင်း၊ MTUF မှ ဦးမျိုးသန့်က အစိုးရနှင့် ပုဂ္ဂလိက ကွဲပြားသည့် နှုန်းထားမဖြစ်စေချင်ကြောင်း၊ မိမိအနေဖြင့် တင်ပြလိုသည်မှာ ၂၀၁၃ ခုနှစ် စစ်တမ်းအရ အလုပ်လုပ်ကိုင်သူတစ်ဦးနှင့် မိသားစုနှစ်ဦးအတွက် ကုန်ကျစရိတ် ငွေကျပ် ၁၈၁၂၀၀ ရှိကြောင်း၊ ဘေးကင်းလုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်ဆိုသည့်အချက်တွင် အလုပ်သမား၏ ဝင်ငွေသည် အဓိကကျပါကြောင်း၊ လယ်ယာကဏ္ဍတွင် အလုပ်ချိန်သတ်မှတ်ချက်မရှိပါကြောင်း၊ လုပ်ငန်းအမျိုးအစားများစွာရှိပါကြောင်း၊ အဓိကပုံမှန် လစာကိုသာ သတ်မှတ်သင့်ကြောင်း၊ အခြားခံစားခွင့်များကို ဖြုတ်ချသင့်ကြောင်း၊ အချုပ်အားဖြင့် မိမိတို့အုပ်စု(၃) အနေဖြင့် အခြားပေါင်းစပ်ကြေးများ မပါဝင်ဘဲ တစ်ရက်လျှင် အလုပ်ချိန် ၈ နာရီအတွက် ငွေကျပ် ၅၀၀၀ နှုန်း သတ်မှတ်ပေးရန် သဘောတူပါကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဦးသောင်းညွန့်၊ အဖွဲ့ဝင်၊ မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်က ဖြည့်စွက်ဆွေးနွေးချက်

မိမိသည် သတ္တုတွင်း ၁၄ ခုကို စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းမှ ဖြစ်ကြောင်း၊ သတ္တုတွင်းကဏ္ဍတွင် အလုပ်သမားများ၏ ဘဝမြင့်မားရေး၊ အတတ်ပညာပိုင်းဆိုင်ရာ ထိန်းသိမ်းရေးနှင့်အလုပ်ရှင် ရပ်တည်နိုင်ရေးဟူ၍ ရည်ရွယ်ချက် သုံးခုရှိကြောင်း၊ လုပ်ငန်းပိုင်းတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပြည်တွင်း လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုဟူ၍ လုပ်ငန်းအမျိုးအစား နှစ်မျိုးရှိကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအားနည်းကြောင်း၊ Small Mine တွင်းများရှိသောကြောင့် လုပ်ငန်းရှင်များ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း၊ အလုပ်သမားများအတွက် အခြေခံကျသော ဘဝရပ်တည်ရေးအတွက်ဖူလုံစေသည့် လုပ်ခလစာပေးရန်တင်ပြလိုကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင်ဆောင်ရွက်သင့်ကြောင်း တင်ပြပါသည်။

အုပ်စုများမှတင်ပြချက်များအပေါ် ဦးမောင်မြင့်၊ ဧရာဝတီရေလုပ်သား အခြေခံအလုပ်သမား အဖွဲ့အစည်း၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

၁၉၆၄-၁၉၆၅ ခုနှစ်များက အနည်းဆုံး အခကြေးငွေနှင့် ကုန်စျေးနှုန်းများကိုနှိုင်းယှဉ်ပြောကြားသွားခဲ့ပြီး ယခုတစ်ရက်လျှင် ကျပ် ၃၀၀၀ နှုန်းရပါက အဆင်ပြေနိုင်ကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဦးကိုနိုင်၊အထပ်သားစက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်း ဆွာမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၏ဖြည့်စွက်ဆွေးနွေးချက်

လုပ်ခလစာ တစ်ရက်လျှင် ကျပ် ၅၀၀၀ နှုန်းအပေါ်၌ အနည်းငယ်ထပ်မံဆွေးနွေးလိုကြောင်း၊ အဆိုပါနှုန်းတွင် OT ကြေး မပါကြောင်း၊ OT သည် အလုပ်သမားများ၏ အထူးအခွင့်အရေးဖြစ်ကြောင်း၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနကလည်း ညွှန်ကြားထားကြောင်း၊ တစ်ရက်လျှင် အလုပ်ချိန် ၈ နာရီထက်မကျော်ရကြောင်း၊ OT ခိုင်းလျှင် နှစ်ဆရမှသာ ဖြစ်မည်ဖြစ်ကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဦးနေဝင်းထွန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် AFFM၊ မွန်ပြည်နယ်၏ ဖြည့်စွက်ဆွေးနွေးချက်

မေးခွန်း(၁)နှင့်ပတ်သက်၍ လယ်ယာလုပ်သားများအတွက် တစ်ရက်လျှင် ကျပ် ၅၀၀၀ နှုန်းကို လယ်ပိုင်ရှင်များပေးနိုင်လျှင် ကုမ္ပဏီပိုင်ရှင်များလည်းပေးနိုင်ရမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်သားများထက် ကျန်သည့်အခန်းကဏ္ဍများတွင် ပိုပေးမည်ဆိုလျှင် လယ်လုပ်သားရှားပါးသွားမည်ဖြစ်ကြောင်း၊ မေးခွန်း (၂) ကို သဘောတူပါကြောင်း၊ မေးခွန်း (၃) အတွက် ကဏ္ဍနှစ်ခုလုံးအတွက် သတ်မှတ်ပေးနိုင်လျှင် ကောင်းမည်ဟု အကြံပြုလိုပါကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဦးမျိုးသန့်၊AAA ဘိလပ်မြေစက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

➢ သတင်းဆောင်းပါး-မောင်မောင်ကျော် ➣

မြန်မာနိုင်ငံသမိုင်းတွင် အစိုးရလစာထက် ပုဂ္ဂလိကလစာက ပိုများခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြဿနာမရှိခဲ့ပါကြောင်း၊ နားရက်မှာ အစိုးရကသာပြီး လုပ်ခလစာမှာ ပုဂ္ဂလိက က အားသာကြောင်း၊ အစိုးရတွင်ဖွဲ့စည်းပုံ စနစ်ကျသည့်အတွက် လုပ်ငန်းခွင်အခက်အခဲမရှိခဲ့ကြောင်း၊ ပုဂ္ဂလိကတွင်ငါးယောက်စာကို သုံးယောက်လောက်သာ လုပ်ရသည့်အတွက် အစိုးရလစာတိုးတိုင်း ပုဂ္ဂလိကလည်း လစာတိုးကြောင်း၊ ယခုအခါ အလုပ်ရှင်များက အနည်းဆုံး အခကြေးငွေသတ်မှတ်ပြီးမှသာ စဉ်းစားမည် ပြောကြောင်း၊ ၁ သိန်း ဝန်းကျင်ရလျှင် ပြဿနာမဖြစ်နိုင်ဟုထင်ပါကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဦးနိုင်ဝင်းထွန်း၊ စက္ကူစက်ရုံ (ပလိပ်) အခြေခံအလုပ်သမား အဖွဲ့အစည်း၊ ပလိပ်မြို့နယ် မန္တလေးတိုင်းဒေသကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟူ၍ နိုင်ငံပိုင်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းခဲ့ရာတွင် ပြဿနာများရှိကြောင်း၊ ပုဂ္ဂလိကသည် နိုင်ငံ့ဝန်ထမ်းလစာအတိုင်း မပေးနိုင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း၏အခြေခံလစာနှင့် မကွာသော နှုန်းကိုသတ်မှတ်ပေးသင့်ကြောင်း၊ လယ်ယာလုပ်သားများ၏ အလုပ်ရှင်သည် လယ်ပိုင်ရှင်၊ တောင်သူကြီးများဖြစ်သည့်အတွက် ဆွေးနွေးပွဲများတွင် ၎င်းတို့ကိုပါ ခေါ်ယူသင့်ကြောင်း၊ လယ်ယာလုပ်ငန်းအတွက် သီးခြားဆွေးနွေးသင့်ကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဦးစိုးလွင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအခြေခံအလုပ်သမားအဖွဲ့အစည်း၊ဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၏ဖြည့်စွက်ဆွေးနွေးချက်

လုပ်ငန်းတစ်ခုတွင် အလုပ်သမားကလုပ်အား၊ အလုပ်ရှင်ကငွေအား/ ဉာဏ်အားစိုက်ထုတ်ရကြောင်း၊ တစ်ရက် အလုပ်ချိန် ၈ နာရီကို နိုင်ငံ့ဝန်ထမ်းများရော ပုဂ္ဂလိကဝန်ထမ်းများအတွက်ပါ သတ်မှတ်ပေးသင့်ကြောင်း၊ မိမိတို့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အချိန်ကာလသီးခြားသတ်မှတ်ပေးသင့်ကြောင်း၊ နယ်မြေဒေသအလိုက် သတ်မှတ်ပါက အလုပ်ရှင် အလုပ်သမားများအတွက် အကောင်းဆုံးဖြစ်ကြောင်း တင်ပြပါသည်။

အုပ်စုများမှတင်ပြချက်များအပေါ် ဒေါ်ချမ်းငြိမ်းသူ၊ တိုင်ရီဖိုနပ်စက်ရုံ အခြေခံအလုပ်သမား အဖွဲ့အစည်း လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ဖြည့်စွက်ဆွေးနွေးချက်

မေးခွန်း(၁)နှင့်(၃)သည် ဆွေးနွေး၍ အဆင်မပြေနိုင်ကြောင်း၊ ယခုအချိန် ဆွေးနွေးသည်ထက် စစ်တမ်းကောက်ယူပြီးမှသာ ဆွေးနွေးသင့်ကြောင်း၊ လက်တွေ့ကျကျ အနေအထားကို ဆောင်ရွက်ပြီးမှသာ စဉ်းစားသင့်ကြောင်း တင်ပြပါသည်။

အုပ်စုများမှတင်ပြချက်များအပေါ် ဒေါ်မိုးဝေ၊ တိုင်ရီဖိုနပ်စက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဖြည့်စွက်ဆွေးနွေးချက်

MTUF, AFFM, CTUM စသည်ဖြင့် သီးခြားဖိတ်ကြားမှုမပြုဘဲ အလုပ်သမားထုများကိုလည်း ဖိတ်ကြားသင့်ကြောင်း၊ ဖိတ်ကြားမည့်သူများကို ဆွေးနွေးမည့်အစီအစဉ်များကြိုတင်ပေးပို့သင့်ကြောင်း၊ ဒေါ်ချမ်းငြိမ်းသူ ပြောခဲ့သလို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သင့်ကြောင်း၊ အလုပ်ရှင်များ၏ ရင်းနှီးမြှုပ်နှံမှုနှင့်အခွန်များကိုလည်း စစ်တမ်းယူသင့်ကြောင်း၊ နောင်တွင် အစည်းအဝေးအစီအစဉ်များကို အစည်းအဝေးရောက်မှသိတာမျိုး မဖြစ်သင့်ကြောင်း တင်ပြပါသည်။

အုပ်စုများမှ တင်ပြချက်များအပေါ် ဒေါ်မျိုးမျိုးအေး၊ အကြံပေး၊ MTUF ၏ ဖြည့်စွက်ဆွေးနွေးချက်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေသည်ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသတွင်းရှိ နိုင်ငံများကိုနမူနာယူ၍ ဆောင်ရွက်သင့်ကြောင်း၊ လယ်ယာကဏ္ဍအတွက် ၅၀၀၀ ကျပ်ဟုပြောသော်လည်း ၎င်းကဏ္ဍတွင် လုပ်ငန်းအမြဲမရှိကြောင်း၊ ရာသီအလိုက်သာလုပ်ရကြောင်း၊ ကျန်ကာလတွင် ဝင်ငွေမရှိကြောင်း၊ စက်ရုံ/ အလုပ်ရုံအလုပ်သမားများမှာ နေ့စဉ်အလုပ်ရှိသည့်အတွက် နှိုင်းယှဉ်၍မရကြောင်း၊ အနည်းဆုံးအခကြေးငွေ မသတ်မှတ်နိုင်သေးသည့်အတွက် အလုပ်သမားများက တိုးတောင်းသော်လည်း အလုပ်ရှင်များက မပေးသေးကြောင်း၊ Survey ကိုအမြန်ဆုံးကောက်ယူပြီး အလုပ်ရှင်/ အလုပ်သမား သဘောတူညီချက်ကို အမြန်ဆုံးရရှိစေလိုကြောင်း တင်ပြပါသည်။

ပြည်တွင်းသတင်း

ပြည်သူများ၏လိုအပ်ချက်များ အလျင်အမြန်ဖော်ဆောင်နိုင်မည့်စီမံကိန်းများကို အပြည့်အဝအကောင်အထည်ဖော်

◆ ကျော်ဖုံးမှ

ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးလည်း ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် စီမံကိန်းကော်မရှင် အစည်းအဝေးများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ပထမအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေး၌ ပထမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း (မူကြမ်း)အပေါ် ညှိနှိုင်းအကောင်အထည်ဖော်သွားရေးဆိုင်ရာ ကိစ္စရပ်များ၊ ကဏ္ဍစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ကဏ္ဍအလိုက် မူဝါဒရယူလိုသည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ဒုတိယအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူသဘောဆိုင်ရာ စီမံကိန်း (Conceptual Plan)၊ ပင်မစီမံကိန်း (Master Plan) နှင့် မြေယာအသုံးချမှု မူဝါဒဆိုင်ရာ (Land Use Policy) ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ကဏ္ဍဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအကြား အချိတ်အဆက်မိမိ ပေါင်းစပ်ဆောင်ရွက်ရေး၊ စီမံကိန်းရေးဆွဲရာတွင် ဘက်စုံကဏ္ဍစုံမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ရေး၊ တတိယအကြိမ် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ ဥပဒေကို သိရှိနားလည် သဘောပေါက်စေရေး၊ သန့်ရှင်းသောအစိုးရဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို အထူးအလေးထား ဆွေးနွေးခဲ့သည့်အပြင် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်ဆိုင်ရာများကို ဆွေးနွေးအတည်ပြုခဲ့ကြပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးတွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လပေါင်း ၃၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ချမှတ်နိုင်ခဲ့ပါကြောင်း။ ထို့အပြင် Delivery Unit/ Task Force များနှင့် အလယ်အလတ်အဆင့်တွင် လုပ်ငန်းအကောင်အထည်ဖော်မည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်း၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ရေးကို လမ်းညွှန်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ပဉ္စမအကြိမ် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ သဘာဝအရင်းအမြစ် အကျိုးရလဒ်များမှ ပြည်သူများ ခံစားနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ရေး၊ နိုင်ငံတော်က ချမှတ်ပေးလိုက်သည့် စီမံကိန်းများနှင့် ဒေသအလိုက် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ထိရောက်၊ မှန်ကန်မှုရှိစေရေးတို့ကို အလေးထားဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နှစ်စဉ်အမျိုးသား စီမံကိန်းများနှင့် (၅)နှစ်ကာလတို စီမံကိန်းတို့သည် နိုင်ငံတော်၏ စီးပွားရေး မူဝါဒတွင် စီးပွားရေးမူဝါဒများနှင့် ကိုက်ညီပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကိုလည်း အလေးထားရမည့်အပြင် စီမံကိန်းများသည် စာရွက်ပေါ်မှ စီမံကိန်းများ မဖြစ်စေရေးနှင့် လက်တွေ့ကျသည့် စီမံကိန်းများဖြစ်စေပြီး စီမံကိန်း မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ ကောင်းသထက် ကောင်းစေရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေရေးတို့ကိုလည်း အလေးထားပြီး ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော် အစိုးရအနေနှင့် တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးစေရေးအတွက် ပထမ(၅)နှစ် စီမံကိန်းကို နှစ်စဉ်စီမံကိန်းများနှင့် အကောင်အထည်ဖော်လျက်ရှိရာ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမ(၅)နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ လက်ရှိအစိုးရ၏ ၅ နှစ် သက်တမ်းအတွင်း နောက်ဆုံးနှစ် အဖြစ် အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် နောင်လာမည့် အစိုးရသက်တမ်းတွင် အကောင်အထည်ဖော်မည့် ဒုတိယ(၅)နှစ် စီမံကိန်းရေးဆွဲရန်အတွက် အခြေခံနှစ်လည်း ဖြစ်ပါကြောင်း။

ပထမ(၅)နှစ် စီမံကိန်းကို "ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ရေးဆွဲထားပြီး နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန်၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီစေရန် စသည့် မျှော်မှန်းချက်များ ချမှတ်ထားသည့်အပြင် တိုင်းရင်းသား ပြည်သူအားလုံး စားဝတ်နေရေး ပြည့်စုံဖူလုံရုံသာမက အခြေခံကျန်းမာရေးစောင့်ရှောက်မှုရရှိပြီး ပညာရည်မြင့်မားလာစေရန်၊ ပြည်သူလူထု တစ်ရပ်လုံး သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အား ဖူလုံစေရန်၊ ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်နှင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုရာခိုင်နှုန်း လျှော့ချနိုင်ရေး ဆောင်ရွက်ရန် တာဝန် (Mission) များ ချမှတ်ထားပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရေးဆွဲရာတွင်လည်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၄)ရပ်၊ (၅)နှစ်စီမံကိန်း၏ မူဘောင်များနှင့်အညီ ရေးဆွဲထားသည့်အပြင် ဖော်ပြပါ ရည်ရွယ်ချက်များ ပြည့်မီစေရေးအတွက် ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များ တိုးတက်သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အိမ်ထောင်စု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရေး ရည်မှန်းထားပြီး ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးအတွက်လည်း ကဏ္ဍစုံ၊ ဘက်စုံမှ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အနေနှင့် အများပြည်သူများ၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို ဦးစားပေးပြီး သိသာထင်ရှားသည့် လူမှုစီးပွား အကျိုးရလဒ်များ ရရှိခံစားနိုင်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရမည့် နှစ်လည်းဖြစ်သည့်အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Finance Management) (PFM) စနစ်နှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းကို ရေးဆွဲထားပြီး ပြည်သူ တိုက်ရိုက်အကျိုးရှိမည့် လုပ်ငန်းများကိုသာ ဦးစားပေး ထည့်သွင်းထားပါကြောင်း။

ရေးဆွဲပြီးခဲ့သည့် လေးနှစ်တာကာလ စီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး ပထမ(၅)နှစ် စီမံကိန်း ရည်မှန်းချက်ပြည့်မီရန် နောက်ဆုံးနှစ်တွင် အားသွန်ခွန်စိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးမြင့်ရရှိနိုင်မည့် လုပ်ငန်းများ၊ ပြည်သူများအတွက် သန့်ရှင်းသည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အထောက်အကူပြုမည့် လုပ်ငန်းများကို အလေးထားထည့်သွင်း ရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

ရေးဆွဲထားသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ထိရောက်စွာ အကောင်အထည်ဖော်ရန် အရေးကြီးပါကြောင်း၊ ကျန်ရှိသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူကို အချိန်တိုအတွင်း အကျိုးပြုဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်ပြီး ပြီးမြောက်အောင် ထိထိမိမိ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူအားလုံး အကျိုးပြုစေနိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်ကိုလည်း အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံပြုပြင်ပြောင်းလဲနိုင်အောင် လွှမ်းခြုံဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုများရရှိခဲ့သော်လည်း ဆက်ပြီး ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများလည်း ရှိနေပါကြောင်း၊ နှစ်ချင်းပေါက် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ ရှိသော်လည်း ကာလလတ် (၅ နှစ် မှ ၁၀ နှစ်ကြား)အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ရှိပါကြောင်း၊ ထို့အပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်အောင်မြင်ဖြစ်ထွန်းရေးနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေနှင့် စီးပွားရေး မူဝါဒ(၄)ရပ်ဖြစ်သည့်-

(၁) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(၃) ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) စာရင်းဇယား ကိန်းဂဏန်းများ အရည်အသွေး ပြည့်ဝရေး

စသည့် မူဝါဒ(၄)ရပ်ကို ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်၊ ဒေသအလိုက် မိမိတို့၏ စီမံကိန်းများအပေါ် မည်မျှအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို ပြန်လည်သုံးသပ် စိစစ်ရမည် ဖြစ်ပါကြောင်း။

အစိုးရ အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးယန္တရား အတွင်းနှင့်အပြင်၌ အတားအဆီး၊ အခက်အခဲ၊ စိန်ခေါ်မှုများရှိနေသည့်အတွက် ယင်းစိန်ခေါ်မှုများကို အစိုးရအဖွဲ့ အစည်းအဆင့်ဆင့်၏ ဦးစီးဦးဆောင်မှု၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ပြည်သူများ၏ တစ်ခဲနက်ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် အရေးကြီးသည့်အတွက် ပွင့်လင်းမြင်သာမှုရှိသည့် စီမံကိန်းများဖြစ်စေရေး၊ ပြည်သူကို အကျိုးပြုထိရောက်သည့် လုပ်ငန်းစီမံကိန်း (Project)များ ဖြစ်စေရေး၊ တာဝန်ခံ၊ တာဝန်ယူနိုင်ပြီး ထိရောက်သည့် အကျိုးသက်ရောက်မှုရှိသည့် စီမံကိန်းများဖြစ်လာရန် အရေးကြီးပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ထွန်းပြီး အလားအလာကောင်းများ ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် တိုင်းကျိုးပြည်ပြုစီမံကိန်းများချမှတ်ပြီး ဒီမိုကရေစီ အုတ်မြစ်ကောင်းများ ချမှတ်ပေးရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်မှုဖြင့် အထက်အောက်၊ ဘေးတိုက်အပြန်အလှန် ညှိနှိုင်းပေါင်းစပ်၍ စီမံကိန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းများ မည်မျှကောင်းမွန်စေကာမူ အကောင်အထည်ဖော်နိုင်မှု အားနည်းပါက စီမံကိန်း အောင်မြင်နိုင်မှုရရှိနိုင်မည် မဟုတ်သည့်အတွက် စီမံကိန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ လိုအပ်ချက်များ အလျင်အမြန် ဖော်ဆောင်နိုင်မည့် စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်ကြရန်နှင့် စီမံကိန်းပြီးဆုံးချိန်၌ သိသာထင်ရှားသည့် ရလဒ်ကောင်းများ ပေါ်ထွန်းနိုင်ရေးကိုလည်း အထူးအလေးထား ကြိုးကြပ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ပါ ဒေသအလိုက် စီမံကိန်းရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)ပါ ကဏ္ဍအလိုက်စီမံကိန်း ရေးဆွဲဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စီမံကိန်းလျာထားချက်များကို တိကျစွာလျာထား သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် တစ်နှစ်တာကာလအတွင်း အဆိုပါစီမံကိန်း လျာထားချက်များကို မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် တိကျစွာသတ်မှတ်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သာမန် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ရလဒ်ထွက်ပေါ်လာသည်အထိ ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် လုပ်ငန်းတစ်ခုချင်းအလိုက် နေ့စဉ်၊ လစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းဇယား ရေးဆွဲပြီး နေ့စဉ်၊ လစဉ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နေ့စဉ်၊ လစဉ် တိုးတက်မှု ရလဒ်များကိုလည်း မှတ်တမ်းထားရှိ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို တွက်ချက်ရာတွင် တစ်မျိုးသားလုံး ထုတ်လုပ်မှု ဂျီဒီပီ တစ်ခုတည်းအပေါ်တွင် မကြည့်ကြတော့ဘဲ Human Develope Index (HDI) အပေါ်တွင် တွက်ချက်ကြသည့်အတွက် (HDI) အပေါ်တွင် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း။

၂၀၁၅ နိုဝင်ဘာတွင် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲအတွက် မိမိတို့၏ စီမံကိန်းလုပ်ငန်းများ လစ်ဟာသွားမှုမျိုးမဖြစ်ရအောင် စနစ်တကျကြိုတင်စီမံထားကြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းအရ လုပ်ငန်းများ လျာထားချက်အပေါ် ဘတ်ဂျက်ကို တွက်ချက်ခြင်းဖြစ်၍ အရေးကြီးသော အလျင်အမြန်ပြုလုပ်ရမည့် လုပ်ငန်းများ၊ ပြည်သူကို အမြန်အကျိုးပြုနိုင်သည့်လုပ်ငန်းများကို ရွေးချယ်ပြီး ဦးစားပေးအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စီမံကိန်း လုပ်ငန်းများအပေါ် ဘတ်ဂျက်တွက်ချက်ရခြင်း ဖြစ်သကဲ့သို့ သုံးစွဲနိုင်သည့် ငွေကြေးပမာဏအပေါ်တွင် ဘတ်ဂျက်ကို တွက်ချက်ရသည့်အတွက် ငွေကြေးတိုးမရနိုင်လျှင် လုပ်ငန်းကို လျှော့သင့်သည်များကို လျှော့ချရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကိုရွေးချယ်ရာတွင် တစ်နှစ်အတွင်း ပြီးစီးနိုင်ပြီး ပြည်သူကို လတ်တလောအကျိုးပြုနိုင်မည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်း ပြောကြားပြီး အစည်းအဝေးကို ရုပ်နားလိုက်သည်။ **(သတင်းစဉ်)**

> **စီမံကိန်းလုပ်ငန်းများအပေါ် ဘတ်ဂျက်တွက်ချက်ရခြင်းဖြစ်သကဲ့သို့ သုံးစွဲနိုင်သည့် ငွေကြေးပမာဏအပေါ်တွင် ဘတ်ဂျက်ကို တွက်ချက်ရသည့်အတွက် ငွေကြေးတိုးမရနိုင်လျှင် လုပ်ငန်းကို လျှော့သင့်သည်များကို လျှော့ချရမည်ဖြစ်**
>
> **ထို့ကြောင့် လုပ်ငန်းကိုရွေးချယ်ရာတွင် တစ်နှစ်အတွင်းပြီးစီးနိုင်ပြီး ပြည်သူကို လတ်တလောအကျိုးပြုနိုင်မည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ကြရန် လိုအပ်**

ပြည်တွင်းသတင်း

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ၂၀၁၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၃၅၉ ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် တစ်ပါး၊ ဓမ္မာစရိယနှင့် ပထမပြန် စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၅ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၂၆ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းမည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို (၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်)၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် (စနေနေ့) မွန်းတည့် ၁၂ တွင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ် ပင့်ဆောင်ပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် (၅-၂-၂၀၁၅)ရက်နေ့ ရုံးချိန်အတွင်း သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးကုန်းမြေရှိ စာမေးပွဲဌာနခွဲ၊ ဖုန်း-၆၆၄၄၆၅၊ ၆၆၄၅၇၈ သို့ ဆက်သွယ် သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပူတာအိုခရိုင်အတွင်း ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးသန်းဌေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့သည် ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီက ပူတာအိုမြို့နယ် ထူးဆန်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာ၌ ရှေးဦးစွာ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက ကချင်ပြည်နယ် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လျှပ်စစ်မီး တယ်လီဖုန်းဆက်သွယ်မှု စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်လာမှုကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် ပူတာအိုဒေသ ဓာတ်အားရရှိရေးအတွက် အထက်နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက် ရှိမည်ဖြစ်ရာ ထူးဆန်းကျေးရွာပါ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ပူတာအိုဒေသ ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ပေးထားမှုနှင့် ဆက်လက်တည်ဆောက်ပေးမည့် အစီအစဉ်များ၊ ပညာသင်ကြားနိုင်သော ကလေးများကို အလယ်တန်းအဆင့်မှ ဘွဲ့ရသည်အထိ ဆောင်ရွက်ပေးနေမှုအခြေအနေများကိုရှင်းလင်းပြောကြားခဲ့ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လျှပ်စစ်မီးမရောက်ရှိသေးသော ကျေးရွာများအတွက် ဆိုလာစနစ် ဆောင်ရွက်ပေးနေကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ကျော်၊ ထောက်ပံ့မှုအခြေအနေများ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသော ဒေသခံများက မေးမြန်းတင်ပြချက်များအပေါ် အသီးသီး ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေနှင့် ကျေးရွာရှိနေအိမ်များ၌ ကိုးကွယ်ရန် ဘုရားဆင်းတုတော်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလှူငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ဇန်နဝါရီ ၁၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့သည် ကချင်ပြည်နယ် မချမ်းဘောမြို့နယ်သို့ ရောက်ရှိပြီး နံနက် ၉ နာရီက ကောင်းမှုလုံကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့က ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေပေးအပ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ တက်ရောက်လာသူများနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းဟန်က စီမံကိန်းရှင်းလင်းဆောင်၌ ပူတာအိုဒေသရှိ ရေအားလျှပ်စစ် အရင်းအမြစ်များနှင့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ရသည့် စီမံကိန်းဖြစ်သည့်အပြင် ဒေသတွင်း ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်သည့်အတွက် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြားခဲ့သည်။

အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကချင်ပြည်နယ် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေသည့် စီမံကိန်းတစ်ခုဖြစ်ပြီး တာဘိုင်စက် လေးလုံးတပ်ဆင်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၁၄ ဒသမ ၁၃ ကီလိုဝပ် နာရီသန်း ထုတ်လုပ်ပေးမည်ဖြစ်ကာ ပူတာအိုမြို့၊ မချမ်းဘောမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည့်စီမံကိန်းဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ထိ ၂၀ လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌတို့သည် ညနေ ၄ နာရီက ပူတာအိုမြို့ မြို့တော်ခန်းမ၌ ပူတာအိုမြို့ ဒေသခံများနှင့်တွေ့ဆုံ၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ကချင်ပြည်နယ်နှင့် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် ငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသခံပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် အသိပညာတိုးတက်အောင်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြည်သူများ တင်ပြချက်များအပေါ် လတ်တလော ဆောင်ရွက်နိုင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် ပူတာအိုဒေသ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ရေတိုကာလ တစ်နှစ်ကျော်အတွင်း ဓာတ်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို စက်ယန္တရားများဖြင့် စတင်ဆောင်ရွက်နေပြီး ဖြစ်ပါကြောင်း၊ ယင်းစက်ရုံပြီးစီးပါက ပူတာအိုမြို့ပြင် မချမ်းဘောမြို့ကိုပါ ဓာတ်အားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရေရှည်စီမံကိန်းအဖြစ် မိုလာချောင်းမှ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံ မပြီးမီကာလ ပူတာအိုမြို့ ဓာတ်အားတိုးချဲ့ပေးနိုင်ရေးအတွက် ၃၀၀ ကေဗွီအေ မီးစက်နှစ်လုံး ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ပူတာအိုမြို့အတွင်းနှင့် မချမ်းဘောမြို့အတွင်း သစ်သားဓာတ်တိုင်များ လဲလှယ်ရန်အတွက် သံတိုင်များ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုနှင့်အညီ ပူတာအိုဒေသသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပူတာအိုဒေသရှိ ယာဉ်များ လိုင်စင်သက်တမ်းတိုးရေးအတွက် လက်ရှိယာဉ်အစီးရေအရ ခရိုင်ဖွဲ့စည်းပုံ ဆောင်ရွက်ပေးနိုင်မှု မရှိသေးသော်လည်း အခက်အခဲမရှိအောင် ဝန်ထမ်းများကို ကိုယ်တိုင်ကွင်းဆင်း၍ တစ်နှစ်သုံးကြိမ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌတို့သည် ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာသို့ သွားရောက်ခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်း၊ ဒေသခံပြည်သူတို့ သိရှိလိုသည်များကို ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဇီးအွန်ကျေးရွာသည် မိုနာရှီးဒီးမှ နှစ်မိုင်ကျော်သာ ကွာဝေးသဖြင့် နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပြီးစီးပါက ဇီးအွန်ကျေးရွာကို ဓာတ်အားရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
ဆဋ္ဌမအကြိမ် B.E/B.Arch နှင့် B. Tech ဘွဲ့အတွက်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဆဋ္ဌမအကြိမ်ဘွဲ့နှင်း သဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၁၆-၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ ညနေပိုင်း မွန်းလွဲ ၂း၀၀နာရီ၊
ဘွဲ့နှင်းသဘင်ကျင်းပခြင်း- ၁၇-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ၊
- ၁၈-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း နံနက် ၉း၀၀နာရီ၊

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

-၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲ အောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** -B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Arch နှင့် B. Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် (အမျိုးသား) ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်အမှတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီနှင့်အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာန၌ ၅-၁-၂၀၁၅ရက်မှစ၍ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၆-၁-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ကျောင်းသားရေးရာဌာန (ဖုန်း-၀၉-၂၅၀၀၇၃၉၉၆) သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အမိန့်အရ-
(ဒေါက်တာဝင်းနိုင်ထွန်း)
မော်ကွန်းထိန်း
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)၊ လားရှိုးမြို့လက်အောက်ရှိ လားရှိုး၊ မိုင်းရယ်၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်မြို့နယ်များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောလမ်းခင်းကျောက်ရွယ်စုံ၊ ကျောက်ရောမြေ၊ ဖြုန်း၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံ၊ ၂'Ø ကွန်ကရစ်ပိုက်၊ သစ်၊ သွပ်ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၅) ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၉-၁-၂၀၁၅ရက်၊ ၀၉း၀၀ နာရီ
၅။ **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - လမ်းဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၆၁၉၊ ၀၉-၄၉၂၅၄၄၁၇၊ ၀၉-၄၇၃၀၆၅၄၀၊ ၀၉-၂၅၀၁၂၉၄၁၂

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်း

✳ ရှေ့ဖုံးမှ

ယခု ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်သည် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူသည့် သက်တမ်းကာလ၏ ပဉ္စမမြောက်နှစ် တစ်နည်းအားဖြင့် နောက်ဆုံးနှစ်ပင် ဖြစ်ပါကြောင်း၊ မိမိတို့ ရေးဆွဲတင်ပြသည့် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့်အညီ မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် နောက်ဆုံး ဘဏ္ဍာရေးနှစ်ဖြစ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်စဉ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရေးဆွဲခြင်း၊ ပြည်ထောင်စု လွှတ်တော်သို့ အတည်ပြုနိုင်ရန် ပေးပို့ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်တစ်ခုလုံး၏ ဘတ်ဂျက်ကို ရေးဆွဲခဲ့သည့်ပုံစံမှ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်ကစပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု ဘတ်ဂျက်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များကို သီးခြားစီ ခွဲခြား၍ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ ရရှိမှုနှင့်သုံးစွဲမှုများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုက ထောက်ပံ့ပေးခဲ့ပါကြောင်း။

ပြည်ထောင်စုက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးခဲ့မှုများမှာ ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၆၀ ဒသမ ၂၀၂ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရကျပ် ၄၃၇ ဒသမ ၀၃၈ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်းအရကျပ် ၄၉၈ ဒသမ ၂၈၀ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၁၅၂၄ ဒသမ ၃၉၁ ဘီလီယံတို့ဖြစ်ပြီး တစ်နှစ်ထက် တစ်နှစ်တိုးမြှင့် ဖြည့်ဆည်းပေးခဲ့သည်ကို တွေ့ကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစီမံကိန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နှစ်စဉ်ထောက်ပံ့ ပေးခဲ့သည့်အပြင် အခြေအနေအရ လိုအပ်ချက်ရှိနေသည့် ဒေသများတွင် ငြိမ်းချမ်းမှု ရရှိရေးနှင့်ပဋိပက္ခ ချုပ်ငြိမ်းရေး၊ အခြားဒေသများနှင့် အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထူးထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ သက်တမ်းကာလအတွင်း ပြည်ထောင်စု၏ နှစ်စဉ်ရငွေများ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် နှစ်စဉ်တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း၊ ရငွေအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၆၄၅၃ ဒသမ ၆၅၈ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၂၅၄ ဒသမ ၈၄၇ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၁၄၁၅၅ ဒသမ ၆၆၇ ဘီလီယံနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းအရ ကျပ် ၁၆၈၉၁ ဒသမ ၅၀၅ ဘီလီယံတို့ ဖြစ်ပါကြောင်း၊ သုံးငွေမှာ ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရကျပ် ၈၀၈၃ ဒသမ ၃၀၄ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရကျပ် ၁၃၄၀၅ ဒသမ ၆၀၂ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၁၄၉၁၀ ဒသမ ၆၈၁ ဘီလီယံနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း အရကျပ် ၁၉၄၄၃ ဒသမ ၁၁၆ ဘီလီယံတို့ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုအတွက် သုံးစွဲရသည့် သာမန် အသုံးစရိတ်များနှင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများအတွက် သုံးစွဲရသည့် ငွေလုံးငွေရင်း အသုံးစရိတ်များကို အချိုးအစား သင့်တင့်မျှတမှုရှိရန် ၇၀ အချိုး ၃၀ ခန့်မှာ ထားရှိပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ပြည်တွင်းပြည်ပ ကြွေးမြီများကိုလည်း နိုင်ငံတော်၏ ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာ ပမာဏထက် ပိုမိုမြင့်မားသွားခြင်း မရှိအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်များနှင့် ပတ်သက်၍ ပြည်ထောင်စု၏ ပညာရေးအသုံးစရိတ်ကို ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၃၁၀ ဒသမ ၀၂၀ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၇၆၀ ဒသမ ၆၇၉ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရကျပ် ၈၉၂ ဒသမ ၈၇၅ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၁၁၅၈ ဒသမ ၄၃၇ ဘီလီယံအထိ နှစ်စဉ်တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း။

ကျန်းမာရေး အသုံးစရိတ် အနေဖြင့်လည်း ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၈၆ ဒသမ ၅၈၁ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၃၈၁ ဒသမ ၂၅၄ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၄၈၅ ဒသမ ၃၇၁ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ်ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းအရ ကျပ် ၇၀၈ ဒသမ ၉၄၉ ဘီလီယံအထိ တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း။

ပညာရေးကဏ္ဍမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မူလတန်း အခမဲ့ ပညာရေးစနစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အလယ်တန်း အခမဲ့ပညာရေးစနစ်များကို ဖော်ဆောင်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အထက်တန်း အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး၊ ဘုန်းတော်ကြီးသင် ပညာရေ ကျောင်းများသို့ ထောက်ပံ့ပေးခြင်းများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲ ဆောင်ရွက်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ရန်ကုန် ဆေးရုံကြီးအပါအဝင် ဆေးရုံကြီးများ အဆင့်မြှင့်တင်ခြင်း၊ ပြည်သူ့ကျန်းမာရေး၊ ဆေးဝါးကုသရေး အသုံးစရိတ်များတို့ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝန်ထမ်းများခန့်အပ်မှုနှင့် ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းများ ခန့်အပ်မှုကိုလည်း ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်များတွင် ဦးစားပေး ခွင့်ပြုခဲ့ပါကြောင်း။

မိမိတို့ သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသောဘဏ္ဍာငွေ အရအသုံးပမာဏ ဘောင်အတွင်း ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ်ခြင်း၊ လွှတ်တော်များက ဆွေးနွေးသုံးသပ်ခြင်းတို့ဖြင့် ပြည်သူ့ဘဏ္ဍာငွေ ရရှိမှု၊ သုံးစွဲမှုများကို နည်းလမ်းတကျ စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များကို ထောက်ပံ့ပေးမှုများ အပါအဝင် ပြည်ထောင်စု၏ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သည့် ဘတ်ဂျက်လိုငွေပမာဏ၊ လိုငွေနှင့် ဂျီဒီပီအချိုးများသည် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်း အရကျပ် ၁၆၂၉ ဒသမ ၆၄၆ ဘီလီယံ၊ ၃ ဒသမ ၅၀ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၂၅၀ ဒသမ ၇၅၅ ဘီလီယံ၊ ၂ ဒသမ ၄၄ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် ရှေ့ပြေးအမှန် စာရင်းအရ ကျပ် ၇၅၅ ဒသမ ၂၁၄ ဘီလီယံ၊ ၁ ဒသမ ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရကျပ် ၂၅၅၁ ဒသမ ၈၁၁ ဘီလီယံ၊ ၃ ဒသမ ၈၅ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း တွေ့ရပါကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မိမိတို့အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုနှင့်သုံးစွဲမှုများ၊ အကောင်အထည်ဖော်မှု အခြေအနေများကို စောင့်ကြည့် ကြပ်မတ်ရန်နှင့် ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့် အညီဖြစ်စေရန် ဒုတိယသမ္မတ ဦးဆောင်သည့် အဆင့်မြင့် ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းကြပ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုက တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်းနှင့် ထုတ်ချေးငွေ ခွင့်ပြုခြင်းတို့ကိုလည်း ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်းမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေး မူဝါဒနှင့် ငွေကြေးမူဝါဒတို့ကို မှန်ကန်စွာ ပေါင်းစပ် ကျင့်သုံးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းများကို ရည်မှန်းထားသည့်အတိုင်းရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ခိုင်မာစေရန် လိုအပ်သည့် အစီအမံများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေးအခင်းအကျင်းသည်လည်း ပြောင်းလဲသွားပြီဖြစ်ရာ အခြေခံကျသော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းအရ ထွက်ပေါ်လာသည့် ထင်ရှားသော ရလဒ်များမှာ ငွေကြေးနှင့် ကြွေးမြီ စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေတိုက်ဦးစီးဌာနကို ဖွင့်လှစ်နိုင်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဘဏ္ဍာငွေ ခွဲဝေကျင့်သုံးမှုများကို တိုးတက်ဆောင်ရွက်ခြင်း၊ နှစ်လတ် ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ချမှတ်ကျင့်သုံးနိုင်ခြင်းတို့ပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရသည့်အတွက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူ နားလည်လွယ်သော လွယ်ကူရှင်းလင်းသည့် ပုံစံများဖြင့် ဘတ်ဂျက်ကို ချပြအသိပေးရေးတို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခု ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နိုင်ငံသားတို့အတွက်ဘတ်ဂျက် (Citizen's Budget) စာစောင်များ ထုတ်ဝေပြီး ပြည်သူများအားလုံး သိရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲအကျပ်အတည်းများကိုလည်း တွေ့ကြုံရင်ဆိုင်ခဲ့ရပါကြောင်း၊ အထူးသဖြင့် ယခုနှစ်တွင် လွှတ်တော်က အဆိုပြုထားသော နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ တိုးမြှင့်ရေးကိစ္စ၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတို့အတွက် တိုးမြှင့်သုံးစွဲရသည့် အသုံးစရိတ်များ၊ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များအတွက် ရင်းနှီးမြှုပ်နှံရသည့် အသုံးစရိတ်များ စသည့် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များ ရှိလာသကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုမှ တစ်ဆင့် မိမိတို့၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှု ဝင်ငွေအပေါ် ထိခိုက်လာခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ယမန်နှစ်က ရရှိခဲ့သော နိုင်ငံတကာဆက်သွယ်ရေး ကုမ္ပဏီများ ထံမှရရှိသည့် လုပ်ငန်းလိုင်စင်ကြေးမှ ရငွေများ လျော့နည်းသွားခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာသော်လည်း ပြည်သူများ သက်သာစွာဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခနှုန်းထားကို သင့်တင့်မျှတစွာ သတ်မှတ်ခြင်း၊ ပြည်ပကုန်သွယ်ရေး လိုငွေပြနေခြင်း စသည်တို့ကြောင့် ရငွေမှာ မိမိတို့ မျှော်မှန်းသလောက် တိုးတက်ရရှိမှု မရှိခဲ့ခြင်းကို တွေ့ရပါကြောင်း၊ သို့သော်လည်း အခြေအနေများအပေါ် ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ဆင်ခြင်တွက်ချက်မှုဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အကောင်းဆုံးအနေအထား ဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးမူဝါဒ၏ အဓိကလက်နက်ဖြစ်သည့် အခွန်အကောက်ရငွေများ တိုးတက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။ နိုင်ငံတော်၏ အခွန်အကောက် ရငွေများကိုကြည့်လျှင် ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၁၇၁၀ ဒသမ ၁၃၇ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၃၄၂၆ ဒသမ ၈၂၆ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ် အမှန်စာရင်း အရ ကျပ် ၄၅၁၃ ဒသမ ၄၈၉ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရကျပ် ၆၀၀၇ ဒသမ ၀၀၉ ဘီလီယံတို့ ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို သွက်လက် ထက်မြက်နေအောင် တာဝန်ယူမှု တာဝန်ခံမှုများနှင့် ဆောင်ရွက်နေကြရသူများ ဖြစ်သည့်အတွက် ထိုက်သင့်သော လစာစရိတ်များ ခံစားခွင့်ရရှိရန် အစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးနှင့်ပတ်သက်၍ အခါအခွင့်သင့်တိုင်းလည်း မိမိရှင်းလင်း ပြောကြားခဲ့သည်များ ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း အလွှာတစ်ခုတည်း၊ နယ်ပယ်တစ်ခုတည်း အတွက်၊ ရေတိုကာလ တစ်ခုတည်း အတွက်သာမက ဘက်စုံထောင့်စုံ စဉ်းစားသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်း တိုးမြှင့်မှုကို သင့်တင့်မျှတသော တိုးမြှင့်ပေးမှုမျိုး ဖြစ်စေရန် စီစဉ်

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်ပေးမှုသာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နေထိုင်ရေး ကိစ္စရပ်များအတွက် အခြားပံ့ပိုးမှုများဖြစ်သည့် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆု၊ လူမှုဖူလုံရေး ခံစားခွင့်၊ နိုင်ငံ့ဝန်ထမ်းများ အခမဲ့ ဆေးကုသခွင့်၊ တန်ဖိုးသင့် အိမ်ရာ စီမံကိန်း စသည်တို့ကို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူ တစ်ရပ်လုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို လည်း ထည့်သွင်း စဉ်းစားပြီး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူကို အလုပ်အကျွေးပြုသည့် ပြည်သူ့အကျိုးကို ဖော်ဆောင်သည့် အစိုးရဖြစ်မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မိမိတို့အစိုးရအဖွဲ့သည် လာမည့်အစိုးရအဖွဲ့များအတွက် ဘဏ္ဍာရေးဆိုင်ရာ အခြေခံကောင်းများကို ချမှတ်ပေးခဲ့ရမည်ဖြစ်ပါကြောင်း၊ နောင်တက်လာမည့် အစိုးရအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည့် ပြည်တွင်းပြည်ပ ကြွေးမြီ တာဝန်ကြီးလေးမှုများ၊ ငွေရေးကြေးရေး အကျပ်အတည်းများ၊ စီးပွားရေးမတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ ပြဿနာ၊ အကျင့်ပျက်ခြစားမှု၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပမာဏကျဆင်းမှုစသည့် နိုင်ငံလုံးဆိုင်ရာ စီးပွားရေးဆိုးကျိုးများကို လွှဲပြောင်းပေးခဲ့သည့် အစိုးရမျိုး မဖြစ်စေရန် မိမိတို့ သန္နိဋ္ဌာန်ချမှတ် လုပ်ဆောင်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များနှင့်မတူဘဲ နိုင်ငံတကာကျင့်သုံးနေသည့် (Medium Term Fiscal Framework-MTFF) ခေါ်သည့် နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို ကြိုတင်ရေးဆွဲပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ရရှိလာသည့် ရငွေသုံးငွေများအပေါ် နိုင်ငံတော်၏မူအရ ဦးစားပေးလုပ်ငန်း အစီအစဉ်များ ထည့်သွင်းတွက်ချက်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများကို ရငွေဘောင်၊ သုံးငွေဘောင်များ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ သုံးငွေများကို စိစစ်ရာတွင် သာမန်သုံးငွေစာရင်းပိုင်းအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကဏ္ဍမှလွဲ၍ ဝန်ထမ်းသစ်များ ခန့်အပ်သည့်ကိစ္စကို ကန့်သတ်လျှော့ချပြီး ခရီးစရိတ်၊ ဧည့်ခံစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များကို လည်း ယခင်နှစ် ၂၀၁၄-၂၀၁၅ (RE)ထက် များစွာမပိုအောင် စိစစ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်း သုံးငွေစာရင်းပိုင်းအတွက် မရှိမဖြစ်လိုအပ်သော ရုံးအဆောက်အအုံ၊ စက်ရုံအလုပ်ရုံနှင့် ဝေးလံဒေသရှိ ဝန်ထမ်းအိမ်ရာများမှအပ ကျန်အဆောက်အအုံများကို စိစစ်ဖြတ်တောက်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အမှန်တကယ်သုံးစွဲကုန်ကျနိုင်မည့် သုံးငွေပမာဏကိုသာ ခွင့်ပြုပါကြောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက နိုင်ငံတော်ကိုယ်စားပြုဝယ်ယူမည့် ယာဉ်နှင့် စက်ပစ္စည်းများမှလွဲ၍ ကျန်ဌာနများက ဝယ်ယူရန်တင်ပြသော မော်တော်ယာဉ်၊ ကွန်ပျူတာ၊ ရုံးသုံးပရိဘောဂ စသည့် စက်ပစ္စည်းဝယ်ယူမှုကို ဖြတ်တောက်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညွန့်ထွန်းက နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ဦးဆောင်မှုဖြင့် ဘဏ္ဍာရေးကော်မရှင်သည် နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် အစိုးရဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီ အချိုးကို ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် သတ်မှတ်ချက်ထားပြီး လိုငွေပြမှုကြောင့် ဖြစ်ပေါ်လေ့ရှိသည့် ငွေကြေးဖောင်းပွမှု၊ ငွေလဲနှုန်းမတည်ငြိမ်မှုစသည့် နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုကို ထိပါးစေနိုင်သော ဘဏ္ဍာရေးပြဿနာများကို အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စု အစိုးရဌာနများ၏ ဘတ်ဂျက်စီမံခန့်ခွဲမှုကို လိုငွေပြမှုနည်းရန် တိတိကျကျစီမံ

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေပြမှုအပေါ် ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးနေသည့် စီမံခန့်ခွဲမှုစနစ်ကိုလည်း မူဝါဒတစ်ရပ်အဖြစ် စီမံခန့်ခွဲနိုင်မည့် အခြေခံအုတ်မြစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချင်းချင်းကြားတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ ချိန်ညှိပေးနိုင်မှု စသည့်အင်္ဂါရပ်များနှင့် ပြည့်စုံသော အများလက်ခံနိုင်မည့် ဘတ်ဂျက်ခွဲဝေ သုံးစွဲမှုဆိုင်ရာ မူတစ်ရပ်ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၏ လိုငွေအတွက် ဖြည့်ဆည်းပေးမည့် ငွေကို တွက်ချက်ရာတွင် ယခင်နှစ်များက ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှု၊ ပိုလျှံငွေပြန်အပ်မှုများကို အခြေခံတွက်ချက်သည့်အပြင် ဆင်းရဲမှုညွှန်းကိန်း၊ လူဦးရေညွှန်းကိန်းနှင့် လူတစ်ဦးစီ၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ညွှန်းကိန်းစသည့် အဓိကညွှန်းကိန်း သုံးခုကိုလည်း အသုံးပြုတွက်ချက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဘဏ္ဍာငွေခွဲဝေမှုသည် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်များနှင့် ချိတ်ဆက်မှုရှိနေစေရန်၊ မူဝါဒဦးစားပေးကိစ္စရပ်များနှင့် လိုက်လျောညီထွေရှိရန် နိုင်ငံတော်၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်သည့် ထိရောက်အကျိုးရှိသော ပြည်သူ့အသုံးစရိတ်ဖြစ်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေ၊ သုံးငွေစာရင်းများ တောင်းခံသည့် အခါ MTFF အရ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ထောက်ပံ့ပေးနိုင်မည့် ပမာဏများကို ဖော်ပြ၍ အဆိုပါ ထောက်ပံ့ငွေပမာဏအတွင်း ရေးဆွဲတင်ပြစေခဲ့ကြောင်း၊ နိုင်ငံတော်၏ မူဝါဒအရ လာမည့်ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ အငှားအိမ်ရာများဆောက်လုပ်နိုင်ရန် စုစုပေါင်း ကျပ် ၄၅ ဘီလီယံကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ ထောက်ပံ့ပေးရန် လျာထားကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ လယ်မဲ့/ယာမဲ့များ၌ လယ်ယာမြေ ဖော်ထုတ်ရေးအသုံးစရိတ် စုစုပေါင်း ကျပ် ၁၀ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခွဲဝေပေးထားသည့်ဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုသွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ရငွေများ တိုးတက်လာစေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အခွန်အခကောက်ခံမှုများ တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ထိထိရောက်ရောက် ခွဲဝေသုံးစွဲခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကလည်း ကောက်ခံရရှိသော အခွန်အခများကို သင့်တင့်မျှတစွာ ခွဲဝေပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ အချိုးမျှတအောင် ထောက်ပံ့ပေးခြင်းတို့ဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့အကြား ဘဏ္ဍာငွေ ခွဲဝေကျင့်သုံးသည့်ပုံစံကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေး ကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့် ၂၀၁၅ ခုနှစ်၊ အခွန်အကောက်ဆိုင်ရာ ဥပဒေ (မူကြမ်း)တို့အား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့ ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ပေးငွေများ အပါအဝင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၅ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် အခွန်အကောက် ဥပဒေကြမ်းတို့ကို ဆွေးနွေးသုံးသပ်အတည်ပြုခဲ့ကြပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းများကို မကြာမီ ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ပေးပို့အတည်ပြုချက် ရယူမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများကို မိမိတို့ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ရေးဆွဲထားသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကိုလည်း မကြာမီ ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့် ယခုတင်ပြသည့် ဘတ်ဂျက်တို့သည် အချိတ်အဆက်မိမိနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် အထူးသတိပြုရန်မှာ မိမိတို့၏ စီမံကိန်းဆိုင်ရာ လုပ်ငန်းကြီးများ၊ လုပ်ငန်းငယ်များ၊ တည်ဆောက်ရေးလုပ်ငန်းများကို လာမည့်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးပင် ဖြစ်ပါကြောင်း၊ မိမိတို့၏ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ စနစ်တကျ အချိန်ဇယားရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအဖြစ် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ ပညာရေးကဏ္ဍတွင် အခြေခံပညာ အထက်တန်းအဆင့်ထိ အခမဲ့ ပညာရေးစနစ် ဖော်ဆောင်ရေး၊ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများ တိုးမြှင့်ပေးအပ်ရေး၊ ကျန်းမာရေးကဏ္ဍတွင် ပြည်သူ့ဆေးရုံကြီးများ အဆင့်မြှင့်တင်ရေး၊ ခေတ်မီဆေးဝါး ကုသကိရိယာများ ဖြည့်ဆည်းရေး၊ နိုင်ငံအဝန်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံရရှိနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေ ရရှိရေးတို့အပါအဝင် ပြည်သူများကို တိုက်ရိုက် ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ ရငွေများကို ခန့်မှန်း တွက်ချက်ရာတွင် နိုင်ငံတော်၏ အခွန်အကောက်ရငွေ တိုးတက်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုကြောင့် အခွန်ရငွေအနေဖြင့် နှစ်စဉ် တိုးတက်ရရှိလျက်ရှိပါကြောင်း၊ သို့ရာတွင် အဖွင့်အမှာစကားတွင် မိမိပြောကြားခဲ့သည့် အခက်အခဲများကြောင့် ရငွေတိုးတက်မှု လျော့နည်းခဲ့သည့် အခြေအနေများကို တွေ့ရပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ရေးကိစ္စ၊ လစာတိုးမြှင့်မှုနှင့်အတူ တိုးမြှင့်သုံးစွဲရမည့် ပင်စင်လစာနှင့် ဆုကြေး အသုံးစရိတ်များ၊ ရွေးကောက်ပွဲကော်မရှင်က သုံးစွဲရမည့် အသုံးစရိတ်များ၊ ပညာရေးနှင့် ကျန်းမာရေးအတွက် တိုးမြှင့်သုံးစွဲရေးကိစ္စများရှိနေခြင်းကြောင့် ယခုနှစ်တွင်အချို့သော အသုံးစရိတ်များကို ဖြတ်တောက်ခြင်း၊ လျှော့ချခြင်း ပြုလုပ်ခဲ့ပါကြောင်း၊ အထူးအားဖြင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက် အထောက်အကူမပြုသည့် သွယ်ဝိုက် စရိတ်များကို စိစစ်လျှော့ချခဲ့ရပါကြောင်း၊ ယင်းကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များက နားလည်သဘောပေါက်ပြီး မိမိတို့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်း ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ နောင်တက်လာမည့် အစိုးရအဖွဲ့သစ်သို့ တာဝန်လွှဲပြောင်းပေးအပ်ရာတွင် မိမိတို့ လက်ထက်တွင် ဆောင်ရွက်ခဲ့သော ဆောင်ရွက်ဆဲဖြစ်သော စီမံကိန်းကြီးများကို လွှဲပြောင်းပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဝန်ထမ်း အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော် လုံခြုံရေးအင်အားစုများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကော်မရှင်၊ ကော်မတီအဖွဲ့များ အားလုံးဟာ အစိုးရအဆက်ဆက်၏ မူဝါဒများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအနေနှင့် အုပ်ချုပ်ရေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိခြင်း၊ ဌာနတွင်း စာရင်းစစ်၊ ပြင်ပစာရင်းစစ်အဖွဲ့များ၏ ပုံမှန်စစ်ဆေးမှု ခံယူခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်ဘောင်များအတွင်းမှ ဆောင်ရွက်ခြင်း၊ ရငွေများကို ရည်မှန်းထားသည့်အတိုင်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သုံးငွေများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် ထိရောက်အောင်၊ အလေအလွင့် မဖြစ်အောင် သုံးစွဲခြင်းတို့ကို ဆောင်ရွက်ကြပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

“ နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်လုံခြုံရေးအင်အားစုများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကော်မရှင်၊ ကော်မတီအဖွဲ့များ အားလုံးဟာ အစိုးရအဆက်ဆက်၏ မူဝါဒများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းများ ဖြစ် ”

ပြည်တွင်းသတင်း

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအား ကေအိုင်အေအဖွဲ့က ဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၄

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ မိုးကောင်း-ကာမိုင်း-ဖားကန့် လမ်းကြောင်းအား စစ်ဆေးကြည့်ရှုသည့်ခရီးစဉ်တွင် ဇန်နဝါရီ ၁၄ရက်က ပြည်နယ်ဝန်ကြီးအား ကေအိုင်အေအဖွဲ့က ထိန်းသိမ်းပြီး အနီးကပ်လုံခြုံရေးလိုက်ပါသွားသည့် ရဲတပ်ဖွဲ့ဝင်သုံးဦးအား ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကမန်းဒူးနော်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်က မိုးကောင်း-ကာမိုင်း-ဖားကန့် လမ်းခင်းနေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဖားကန့်မြို့၌ ညအိပ်ရပ်နားခဲ့သည်။

ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဖားကန့်မြို့မှ ဖားကန့်-ဆိပ်မူ-ဝေ့ခါ-ညောင်ပင်- လုံးတုံး -ဟိုပင်လမ်းကြောင်း အတိုင်းဆက်လက်ထွက်ခွာလာရာ နံနက် ၁၁ နာရီ ၂၅ မိနစ်ခန့်တွင် ဖားကန့်မြို့နယ် ဟွေလုံကျေးရွာအနီးသို့အရောက် လက်နက်ကိုယ်စီကိုင်ဆောင်ထားသည့်အင်အား၂၅ ဦးခန့်ရှိ ကေအိုင်အေအဖွဲ့တစ်ဖွဲ့က သေနတ်များ ပစ်ဖောက်၍ လမ်းပိတ်ဆို့ကာ တားဆီးစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့အား လမ်းမပေါ်၌ ထိုင်ခိုင်းကာ စစ်ဆေးမေးမြန်းမှုများပြုလုပ်ပြီး ဆက်လက်ထွက်ခွာခွင့်ပြုခဲ့သော်လည်း ၎င်းအဖွဲ့နှင့်အတူ လုံခြုံရေးအတွက်လိုက်ပါသွားသည့် ဒုရဲအုပ်မြင့်စိုး ဦးစီးတပ်ဖွဲ့ဝင်သုံးဦးအား လက်နက်ခဲယမ်းများနှင့်အတူ ကေအိုင်အေအဖွဲ့က ဖမ်းဆီးခေါ်ဆောင်ထားခဲ့သည်။

သို့ဖြစ်၍ တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်သုံးဦးအား အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ပဋိပက္ခဖြေရှင်းရေး ညှိနှိုင်းရေးအဖွဲ့ဝင် ဒုဗိုလ်မှူးကြီးအဆင့်ရှိ ဦးနော်ဒီနှင့် မြစ်ကြီးနားမြို့ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့က ဦးလမိုင်ခွန်ဂျာတို့ထံ ဆက်သွယ်ဆောင်ရွက်ထားကြောင်း၊ အဆိုပါ ကေအိုင်အေအဖွဲ့အား နယ်မြေခံတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကြိုးပစ်သေဆုံးသူအား ထောက်ပံ့ငွေပေးအပ်

မော်လူး ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် မိုးကြိုးထိမှန်သေဆုံးသူ၏ ကျန်ရစ်သူမိသားစုဝင်အား ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြိုးထိမှန်သေဆုံးခဲ့သူ မနုနုစိုးသည် အင်းတော်မြို့နယ် မော်လူးဒေသ သူရောင်းကျေးရွာအုပ်စု ခိုးကောင်ကျေးရွာ၌ နေထိုင်သူဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁၀ ရက်က လယ်ကွင်းထဲတွင် ကောက်စိုက်နေစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့ရခြင်း ဖြစ်သည်။ ၎င်းသေဆုံးသူ၏ ကျန်ရစ်သူမိသားစုဝင်အား ထောက်ပံ့ကြေးငွေကျပ်တစ်သိန်းကို တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ယင်းထောက်ပံ့ငွေကို အင်းတော်မြို့ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က ပေးအပ်ရာ ကျန်ရစ်သူမိသားစုဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

✻ ကျောဖုံးမှ

"မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ၂၀၀၆ ခုနှစ်မှ စတင်ပြီး ခုနှစ်နှစ်ဆက်တိုက် မြင့်တက်လာခဲ့သည့် ဘိန်းစိုက်ပျိုးမှုကို အစိုးရသက်တမ်းကာလ ၂၀၁၄ ခုနှစ်တွင် စတင်ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၅၇၈၀၀ ဟက်တာရှိခဲ့ရာမှ ယခုနှစ်တွင် ၅၇၆၀၀ ဟက်တာထိ ဟက်တာ၂၀၀ လျော့ချနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်တွင် တန် ၈၇၀ ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန် ၆၇၀ သို့ လျော့ကျခဲ့ပြီး ၂၃ ရာခိုင်နှုန်းခန့် လျော့ချနိုင်ခဲ့သဖြင့် နိုင်ငံအတွက် အပေါင်းလက္ခဏာတစ်ခုဖြစ်ပြီး ကျဆင်းမှုပမာဏနည်းသော်လည်း စိုက်ပျိုးမှုကျဆင်းသည့်ဘက်သို့ ဦးတည်နေသည့်အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း" ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၄) အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ပြောကြားခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တို့သည် ၂၀၀၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးသည့်ဒေသများ၌ ဘိန်းခင်းတိုင်းတာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ဘိန်းစိုက်ပျိုးခြင်းနှင့် ဆက်နွယ်သည့် လူမှုစီးပွားစစ်တမ်းများကိုပါ ကောက်ယူ၍ ဘိန်းစိုက်တောင်သူများ၏ လူမှုဘဝ အခြေအနေများကိုပါ လေ့လာသုံးသပ်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ကျေးရွာပေါင်း ၈၈၂ ရွာသို့ ကွင်းဆင်းတိုင်းတာသူ ၁၅၆ ဦး စေလွှတ်ဆောင်ရွက်နိုင်ခဲ့သည်။

ဘိန်းစိုက်ပျိုးရာ ဒေသများရှိ ဘိန်းစိုက်တောင်သူများအား ဘိန်းစိုက်ပျိုးရသည့် အကြောင်းအရင်းများအား စစ်တမ်းကောက်ယူခဲ့ရာ ၇၂ ရာခိုင်နှုန်း တောင်သူများမှာ ဘိန်းကို အခြားသီးနှံများထက် ပိုမိုအကျိုးအမြတ် များသောကြောင့် စိုက်ပျိုးကြပြီး ကျန် ၂၈ ရာခိုင်နှုန်းမှာ ရောင်းချသယ်ပို့ရာ၌ လွယ်ကူ၍လည်းကောင်း၊ အခြားသီးနှံများ မအောင်မြင်သောကြောင့် လည်းကောင်း၊ ထို့အပြင် ဓလေ့အရသော်လည်းကောင်း၊ ပတ်ဝန်းကျင်မှ စိုက်သောကြောင့် လည်းကောင်းနှင့် အခြားလုပ်ငန်းများမရှိ၍လည်း စိုက်ပျိုးခဲ့ကြကြောင်း တွေ့ရှိရသည်။

ဘိန်းစိုက်ပျိုးမှု ပြောင်းလဲနေမှု အခြေအနေအား စစ်တမ်းကောက်ယူခဲ့ရာ အချို့ကျေးရွာများသည် ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူစစ်များ၏ ဘိန်းမစိုက်ပျိုးရန် စည်းရုံးလှုံ့ဆော်မှုများကြောင့် စိုက်ပျိုးမှုအား ရပ်တန့်ခဲ့ရကြောင်း တွေ့ရှိရပြီး အချို့ကျေးရွာများသည် ဘိန်းစိုက်ပျိုးစရာမလိုဘဲ လုံလောက်သည့် ဝင်ငွေရရှိလာကြ၍ ဘိန်းစိုက်ပျိုးမှုကို ရပ်တန့်ခဲ့ကြောင်းနှင့် ရာသီဥတု၊ ကျွဲ၊ နွားနှင့်ပိုးမွှားအန္တရာယ်များကြောင့်လည်း မစိုက်ပျိုးကြတော့ကြောင်း တွေ့ရှိရသည်။

တားဆီးနှိမ်နင်းရေး ကဏ္ဍမှလည်း ဘိန်းနှင့်ဘိန်းဖြူများဖမ်းဆီးအရေးယူခြင်းနှင့် ဘိန်းခင်းများ ဖျက်ဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ခန့်မှန်းဘိန်းထုတ်လုပ်မှု မက်ထရစ်တန် ခုနစ်တန်ကျော်ခန့်ကို ထပ်မံလျော့ချနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

မူးယစ်ဗဟိုအဖွဲ့အနေဖြင့် ဘိန်းစိုက်ပျိုးမှုများ ပြန်လည်လျော့ချရေး၊ အသစ်ပေါ်ထွက်လာမည့် စိတ်ကြွဆေးပြားများ၊ အခြားစိတ်ပြောင်းဆေးဝါးသစ်များအန္တရာယ် လျော့ချရေးနှင့် မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကာလကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နောက်ထပ်ငါးနှစ်တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလ၏ပထမနှစ်မှာပင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့ ဘိန်းစိုက်ပျိုးမှုလျော့ကျလာမှုအား ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ဘိန်းစိုက်ဒေသများအတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပြီး ဒေသခံများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးနိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အဖွဲ့အစည်းအသီးသီးနှင့် လူထုလူတန်းစားအလွှာအသီးသီးမှ ဝိုင်းဝန်းဖြည့်ဆည်း ပံ့ပိုးပေးကြစေဖို့တိုက်တွန်းလိုက်ရပါသည်။



(မူးယစ်ဗဟို)



ရတနာလမ်းမကြီးပေါ် လေးကွက်တွဲရောင်းရန်ရှိသည်။
စီမံကိန်းနှင့်အလွန်နီးသည်။
ဒဂုံမြို့သစ်ရှိမြေကွက်များလည်း ဝယ်ယူလိုသည်။
ဖုန်း-၀၉-၄၃၀၂၅၅၃၀၊ ၀၉-၅၀၉၂၈၁၅

စစ်တက္ကသိုလ်အပတ်စဉ်(၂၀) အာစရိယပူဇော်ကန်တော့ပွဲ ရက်ပြင်ဆင်အတည်ပြုခြင်း

စစ်တက္ကသိုလ်အပတ်စဉ်(၂၀) အာစရိယပူဇော်ကန်တော့ပွဲအား ၃၁-၁-၂၀၁၅ ရက်အစား ၂၁-၂-၂၀၁၅ရက်သို့ ပြင်ဆင်ပြောင်းရွှေ့ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အာစရိယပူဇော်ကန်တော့ပွဲဦးစီးကော်မတီ
စစ်တက္ကသိုလ်အပတ်စဉ်(၂၀)
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၇၆၆၀၇၊ ၀၆၇-၄၁၄၅၉၃၊ ၀၆၇-၄၃၁၃၇၁

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ
49** - 150000
73** - 80000
50** - 160000
47** - 180000
ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၀၉၂၆၆၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/အက်ဖ်၊ မြေကွက်အမှတ် ၂၃၊ မြေဧရိယာ (၃၅ပေ×ပေ၇၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၇၆မှ (ခြောက်လွှာ/ဝဲဘက်ခန်း)၊ အကျယ်(၁၇ပေ×ပေ၈၀)ရှိ ဆောက်လုပ်ဆဲတိုက်ခန်းနှင့်တကွ တပ်ဆင်ပါရှိသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြေပိုင်ရှင်များအနက်မှ တစ်ဦးဖြစ်သော ဦးလုတင်နှင့် ၎င်း၏သမီးများဖြစ်သော ဒေါ်နီလာလုတင်၊ ဒေါ်ရူပါလုတင်၊ ဒေါ်ကြည်ပြာလုတင်တို့ထံမှ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဟုအဆိုပြုသူ (၁)ဦးမိုးကျော်တင် ၁၂/တမန(နိုင်)၁၀၆၀၆၉နှင့် (၂) ဦးမျိုးဝင်း ၁၂/ပဘတ(နိုင်)၀၁၃၅၉၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ဆက်လက် ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးအေး LL.B, D.B.L, D.M.L, D.I.L, WIPO, DL-101 Switzerland
(စဉ်-၈၅၅၈) (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၈၃(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၅၃၅၈၂၇၀



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မချယ်ရီနိုင်သည် မိခင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေစား အမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။
ဒေါ်ကြည်ကြည်ဝင်း
၁၂/ဥကတ(နိုင်)၀၄၄၆၈၀

ပျောက်ဆုံးကြောင်း
ကျွန်မဒေါ်လှမေ ၁၂/အစန(နိုင်)၀၀၃၂၁၄၏ မော်တော်ယာဉ်သွင်းကုန် ပါမစ်အမှတ် ISP IDV 8 14-15 67336 (30-12-14) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၉-၄၂၀၀၂၄၇၈၉

ပျောက်ဆုံးကြောင်း
ကျွန်တော်သိန်းဇော် CDC-86524၏ SSAလက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၂၅၀၆၉၇၃၂၂

အသက်သည်သွေး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အသက်၁၀၀နှင့်အထက် အဘိုးအဘွားများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၄

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုခံ အသက် ၁၀၀ နှင့်အထက် သက်ကြီး အဘိုးအဘွားများအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၈) ရပ်ကွက် ဇေယျာသိဒ္ဓိမ္ဗာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေကျပ် တစ်သိန်းသုံးသောင်းသုံးထောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အသုံးအဆောင်ပစ္စည်းများကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၈)ရပ်ကွက်၊ ရှင်တစ်ရာကျောင်းလမ်းတွင်နေထိုင်သော အသက် ၁၀၃ နှစ်အရွယ်ရှိ အဘွားဒေါ်လှစိန်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းထိုက်

မီးရထားနှင့် ဟွန်ဒိုင်း ၂၂ ဘီးကုန်တင်ယာဉ်တိုက်မိ

ကျောက်တန်း ဇန်နဝါရီ ၁၄

ကျောက်တန်းမြို့နယ် သီလဝါဘူတာနှင့် အုတ်ဖိုစုဘူတာအကြား၌ ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီကျော်က မီးရထားနှင့် မော်တော်ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့၌ အင်ကြင်း-၃ အဆန်ရထားသည် ရန်ကုန်ဘူတာကြီးမှ သီလဝါဘူတာသို့ မောင်းနှင်လာစဉ် ညနေ ၃ နာရီကျော်က မိုင်တိုင် ၂၂/၁၅-၁၆အကြား၊ MITT ကုန်တင်ယာဉ်ဂိတ်ရှေ့အရောက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကိုဝင်းကိုကိုလတ် (၃၂) နှစ်မောင်းနှင်လာသော 1C ----ဟွန်ဒိုင်း ၂၂ ဘီးကုန်တင်နောက်တွဲပါယာဉ်နှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

ထိုသို့တိုက်မိမှုကြောင့် မီးရထားစက်ခေါင်း ဘယ်ဘက်ဘေးတန်းသုံးတန်းနှင့် မော်တော်ယာဉ်ခေါင်းခန်းတို့ ပျက်စီးသွားခဲ့သည့်အတွက် ယာဉ်မောင်း ကိုဝင်းကိုကိုလတ်ကို သီလဝါနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်လှမောင်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက်သတ်မှတ်ချက်များထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ကြေညာချက်အမှတ်(၁/၂၀၁၅)
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက်
သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံတော်၏စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့်ပြည်သူများ တစ်နိုင်တစ်ပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေပါသည်။

၂။ ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇(က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခုအဖြစ်ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည်ကုမ္ပဏီ၏ အမည်၌ "ငွေချေးသက်သေခံလက်မှတ်" ဟူသော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါလိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းကို ထည့်သွင်းရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၁၅ဘီလီယံ

(၂) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၁၀ ဘီလီယံ

(၃) ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် -ကျပ် ၇ ဘီလီယံ

(၄) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် -ကျပ်ဝ ဒသမ ၀၃ ဘီလီယံ

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (သို့မဟုတ်) အခြားငွေရေးကြေးရေးနှင့်ပတ်သက်သော လုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် တစ်နှစ်ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့(ဒီဂရီ)တစ်ခု ရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ၊ ငွေကြေးစသည်တို့နှင့် ပတ်သက်၍ တရားရုံးကထောင်ဒဏ်ချမှတ်ခြင်းခံရသူများ မဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည်ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း (သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း(သို့မဟုတ်) ယင်းတို့နှစ်ခုစလုံးတွင် သင့်တော်သည့်အချိုးအစားဖြင့် ထည့်သွင်းထားခြင်း ပြုလုပ်ရမည်။

(ဈ) လျှောက်ထားသည့်အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအတွေ့အကြုံလုပ်သက် အနည်းဆုံးသုံးနှစ်ရှိသည့် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့်အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါက ရုံးခွဲများဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီးမတည်ငွေရင်းအား ဘဏ်ချေးငွေဖြင့်ထည့်ဝင်ခြင်း မပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင်ပြီးသော ဝင်ငွေရလမ်းဖော်ပြနိုင်သည့်ငွေဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့်ကုမ္ပဏီများသည် အပိုဒ် (၂) အပိုဒ်ခွဲ(ဂ)ပါ လိုင်စင်အမျိုးအစားတစ်ခုချင်းကို လျှောက်ထားနိုင်သည်။ သို့သော် အပိုဒ်ခွဲ(ဂ)(၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည် လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်အဆောက်အအုံ အမှတ်(၂၁-၂၅) ဆူးလေဘုရားလမ်းတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှစ၍ ရရှိနိုင်ပါသည်။

၅။ လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံနှစ်စုံကို လိုအပ်သောစာရွက်စာတမ်းများပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ သုံးနေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်ထက် နောက်မကျစေဘဲ တင်ပြရမည်။ စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီလိုင်စင်လျှောက်လွှာဟူ၍ ရှင်းလင်းစွာရေးသားဖော်ပြရမည်။ သတ်မှတ်ထားသည့် ရက်ထက်နောက်ကျသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့်နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်မှသိရီသုဓမ္မသင်္ဂဳဘွဲ့အားချီးမြှင့်ခြင်းခံရသောဒေါ်ရွှေစင်(Gold Uni)၊ သုဓမ္မသင်္ဂဳဘွဲ့အား ချီးမြှင့်ခြင်းခံရသော ဒေါ်တင်လတ်မင်း (ရွှေဖိုးပြုကုမ္ပဏီ)တို့အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ချစ်သောမိသားစုများနှင့်အတူတကွ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာတော်၏အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးအောင်-ဒေါ်လှလှဝေ
မိသားစု
(Great Diamond Gems & Jewellery)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၅ ခုနှစ် ဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲ အချိန်စာရင်း

ဓမ္မာစရိယ –
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့မှ တန်ခူးလဆန်း ၁၅ ရက်၊ သောကြာနေ့အထိ
(၂၅-၃-၂၀၁၅)ရက်နေ့ မှ (၃-၄-၂၀၁၅)ရက်အထိ
(၂၇-၃-၂၀၁၅)ရက်နေ့(တပ်မတော်နေ့) နားရက်

ပထမပြန် –
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့မှ တန်ခူးလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့အထိ
(၁-၄-၂၀၁၅)ရက်နေ့မှ (၇-၄-၂၀၁၅)ရက်အထိ

တာလေ၌ မိုးစပါးအထွက်နှုန်း ထက်ဝက်ကျဆင်း

တာလေ ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေဒေသ အတွင်းရှိ စိုက်ပျိုးထားသော လယ်များမှာ ယခုနှစ်အတွင်းအထွက်နှုန်း ထက်ဝက်ခန့် ကျဆင်းသွားသည့်အတွက် တောင်သူများ နစ်နာဆုံးရှုံးခဲ့ကြရကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးရာသီမှာ ပိုးကျလို့ အထွက်နှုန်းမကောင်းဘူး။ အရင်က တစ်ဧကကို တင်း ၈၀ လောက်ထွက်တယ်။ အခုတင်း ၄၀ ပဲ ထွက်တယ်၊ မြေဩဇာလည်း မနိုင်ဘူး ပိုးသတ်ဆေးလည်း မနိုင်ဘူး" ဟု လယ်စိုက်ပျိုးသူ စိုင်းခမ်းနွံ့က ပြောသည်။

တာလေဒေသမှ ထွက်ရှိသော စပါးများ တချို့တစ်ဝက်ကို ဒေသတွင်း ပြန်လည်စားသုံးခြင်းနှင့် တာချီလိတ်မြို့သို့ အများဆုံးတင်သွင်းရခြင်း ဖြစ်ကာ တာလေမြို့တွင် စပါးအဝယ်ဒိုင်မရှိသည့်အတွက် ပေါက်ဈေး ပုံမှန်မရှိကြောင်း၊ စပါးလာဝယ်သူများပေးသောဈေးအတိုင်း ရောင်းချပြီး တောင်သူများက အဝယ်ဒိုင်အဖြစ် တာလေမြို့တွင် ရှိစေချင်ကြောင်း၊ တာလေမြို့တွင် စပါးစိုက်ဧကများခြင်းကြောင့် ၎င်းတို့အနေနှင့် ဆန်ကုန်သည်ကြီးများ အသင်းကဲ့သို့ ထွက်ရှိသော စပါးများအား ပေါက်ဈေးအတိုင်း ပုံမှန်ဝယ်ယူသော အဝယ်ဒိုင်လိုအပ်ကြောင်း တာလေမြို့ရပ်ကွက် (၃)အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်လတ်က ပြောသည်။

တာလေမြို့နယ်အတွင်း လယ်စိုက်ဧက ၅၂၆၁ ဧက၊ တောင်ယာ ၇၀၅ ဧကနှင့် ယာ ၁၅၈ ဧကရှိကြောင်း၊ မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ ၈၂ ဒသမ ၂၇ တင်းရှိပြီး အထွက်နှုန်းများမှာ လယ်၊ တောင်ယာနှင့် ယာတို့၏ ပုံမှန်အထွက်နှုန်းမှာ တူညီခြင်း မရှိကြောင်း တာလေမြို့ မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးလှမိုးထွေးက ဒေသတွင်း လယ်ယာစိုက်ပျိုးမှုအခြေအနေများကို ရှင်းပြသည်။

တာချီလိတ်ခရိုင်အတွင်း စပါးဈေးမှာ တစ်တင်းလျှင် လတ်တလောပေါက်ဈေး ငွေကျပ် ၄၈၂၀ ခန့်၊ ဒေသသုံး အခြင်အတွယ်ဖြင့် တစ်ကီလိုလျှင် ၂၁၉ ကျပ်ခန့် ဈေးရှိပြီး ယခင်နှစ်ဈေးနှင့် ကွာခြားမှုရှိကြောင်း တောင်သူများထံမှ သိရသည်။

မောင်ယဉ်ကျေး

ချောက်မြို့၌ ရေတိုင်မီတာကိစ္စ ဆန္ဒဖော်ထုတ်ဖို့တောင်းဆိုခဲ့သော်လည်း သက်ဆိုင်ရာနှင့်ညှိနှိုင်းအဆင်ပြေ၍ ဆန္ဒဖော်ထုတ်မှု မပြုလုပ်ဟုဆို

ချောက် ဇန်နဝါရီ ၁၄

ချောက်မြို့ အမှတ်(၁၂)ရပ်ကွက်နေ ဦးထွန်းထွန်းငြိမ်းသည် ဇန်နဝါရီ ၁၅ ရက်တွင် ရေတိုင်မီတာ တစ်ယူနစ် ငွေကျပ် ၂၀၀ နှုန်း မူလအတိုင်းထားပေးရန် ရည်ရွယ်၍ ငြိမ်းချမ်းစွာစုဝေးခွင့်ပြုပါရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံသို့ လျှောက်ထားခဲ့ရာမှ ဇန်နဝါရီ ၁၃ ရက်က ချောက်မြို့နယ် အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ လျှောက်ထားသူ ဦးထွန်းထွန်းငြိမ်းအား ခေါ်ယူ၍ ချောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ရှေ့မှောက်တွင် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ချောက်မြို့နယ်အတွင်း ရေရရှိရေးဆောင်ရွက်မှုအား ရှင်းလင်းခဲ့ပြီး နောက်လာမည့် ဘတ်ဂျက်နှစ်အတွင်း အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းချပေးနိုင်ရေး လူထုအား ချပြရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညှိနှိုင်းပြောဆိုခဲ့ရာ ပြေလည်မှုရှိခဲ့သဖြင့် ဦးထွန်းထွန်းငြိမ်းက ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်မှုအား မပြုလုပ်တော့ပါဟု ပြောကြားခဲ့ကြောင်း ဒေသခံများက ပြောသည်။

"ရေဖိုးနှုန်းတက်ရတာကတော့ လျှပ်စစ်ဓာတ်အားနှုန်းတက်လို့ တက်ရတာပါပဲ၊ ယခင် ဓာတ်အားခ တစ်ယူနစ် ၃၅ ကျပ်တုန်းက ရေမီတာ တစ်ယူနစ် ၂၀၀၊ အခု လျှပ်စစ်ဓာတ်အားခ တစ်ယူနစ် ၁၂၅ ကျပ်ဖြစ်တော့ ရေတစ်ယူနစ် ငွေကျပ် ၄၀၀ ကောက်ခံရတာပါ" ဟု မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောသည်။

ကျော်ဇေယျ(မကွေး)

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၅၀၀

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၇၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၃၈
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၄-၁၀၃၇
ဥရောပ	တစ်ယူရို	၁၂၆၅-၁၂၈၀
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၀၀၀-၃၀၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၇၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၅၀-၄၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၉၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၅၀-၁၅၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၅၅၀-၇၂၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၅၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံခရိုင်အတွင်းရှိ ကွမ်းလုံမြို့နယ်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။	**အိတ်ဖွင့်တင်ဒါအမှတ်**	-	အမှတ်(၃) (၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)
၃။	**တင်ဒါပိတ်မည့်ရက်/အချိန်**	-	၂၆-၁-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
၄။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	-	၂၇-၁-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
၅။	**တင်ဒါ/တင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ**	-	ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကွမ်းလုံမြို့၊ ဖုန်း-၀၈၂-၇၀၀၁၀

၆။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကွမ်းလုံခရိုင်နှင့် ကွမ်းလုံမြို့နယ်ရုံးများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ၏ မြေကြီးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ ထန်းတပင်မြို့နယ်၊ ရိုးဌမှကျိုက္ခနာကျေးရွာ လမ်းဘေး ဝဲ/ယာမြောင်းတူးခြင်း

၂။ ဒလမြို့နယ်၊ ရဲချောင်းကြီးကျေးရွာ ကမာအောင်-မင်းစုချောင်းတူးဖော်ခြင်း

၃။ ကျောက်တန်းမြို့နယ်၊ ကဘင်းချောင်းတူးဖော်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ၁၅-၁-၂၀၁၅ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး ၂၃-၁-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၆၆၄၀၂၊ ၀၁-၅၇၇၅၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်ဘက်ခြမ်းရှိ မိလ္လာပိုက်များ၊ မိလ္လာကန်များနှင့် ရေစီးမြောင်းများပြုပြင်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	-	၁၄-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်	-	၂၈-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တက္ကသိုလ်များဆေးရုံ အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ အလိုရှိပါသည်။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ရန်ကုန်တက္ကသိုလ်များဆေးရုံသို့ ကွင်းဆင်းတိုင်းထွာတွက်ချက်ပြီး ဆိုင်ရာဆေးရုံအုပ်၏ ကွင်းဆင်းကြောင်း ထောက်ခံချက်ပါမှသာလျှင် ရွေးချယ်ရန် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၁၅-၁-၂၀၁၅ ရက်
တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်	-	၂၉-၁-၂၀၁၅ရက် ညနေ ၄း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ	-	ရန်ကုန်တက္ကသိုလ်များဆေးရုံ ကမာရွတ်မြို့နယ် (ရုံးချိန်အတွင်း)
တင်ဒါဖွင့်မည့်ရက်	-	၃၀-၁-၂၀၁၅ရက် (မွန်းလွဲ ၂း၀၀)နာရီ

(တင်ဒါဖွင့်ပွဲ မတက်ရောက်သည့်ကုမ္ပဏီကို ရွေးချယ်ခြင်းပြုမည်မဟုတ်ပါ။)

အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ် ရန်ကုန်တက္ကသိုလ်များဆေးရုံ ဖုန်း-၀၁-၅၃၅၅၄၁၊ ၀၉-၃၀၃၆၃၆၉၉ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မော်လမြိုင်(ချောင်းဆုံ)တံတားတည်ဆောက်ရေးစီမံကိန်း
အထူးစီမံကိန်းကြီးအဖွဲ့(၅)
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် မော်လမြိုင်(ချောင်းဆုံ) တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

(က) Chipping (ဇင်းကျိုက်) - (၂၀၀၀)ကျင်း

တင်ဒါပိတ်မည့်နေ့ရက်/အချိန်	-	၂၆-၁-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန်	-	၂၆-၁-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	-	ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး မွန်ပြည်နယ်၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၄-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၅)ရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အဓိကရုဏ်းဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ဖြစ်ပွားခဲ့သော ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အဓိကရုဏ်းဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက်ကို ယနေ့ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အောက်ပါအချက်များကို အကြံပြုတိုက်တွန်းထားပါသည်-

(က) ဆားလင်းကြီးရဲစခန်းတွင်ဖွင့်လှစ်ထားသည့် သေမှုသေခင်း အမှတ်စဉ်(၄/၂၀၁၄)အား ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သင့်ပါသည်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာအတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့် လုံခြုံရေးစီမံချက်ကို စနစ်တကျအကောင်အထည်ဖော်ရန် အားနည်းခဲ့သည့် ကွပ်ကဲမှုအဖွဲ့မှ တာဝန်ရှိသူများအား ဖော်ထုတ်၍ ထိုက်သင့်သလို အရေးယူဆောင်ရွက်သင့်ပါသည်။

(ဂ) စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ခြံစည်းရိုးတိုးချဲ့ကာရံစဉ် ဆောင်ရွက်မည့်လုံခြုံရေးစီမံချက်ပါ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်တို့အား ဖော်ထုတ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသင့်ပါသည်။

(ဃ) လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်စပ်လျဉ်းသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အဘက်ဘက်မှ အပြန်အလှန်သုံးသပ်၍ ထိခိုက်နစ်နာဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်အောင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

အဆိုပါ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက် အပြည့်အစုံအား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဝက်ဘ်ဆိုက် www. mnhrc.org. mmတွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်" ဟု ရွှေပေါက်ကံ-ဒဂုံမြို့သစ် (အရှေ့ပိုင်း)တံတားတည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဌေးဌေးဦးက ပြောသည်။

ယခု တည်ဆောက်နေသော တံတားသည် ရန်ကုန်မြို့ ရွှေပေါက်ကံမြို့ရှိ ညောင်ရမ်းလမ်းနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) ကျန်စစ်သားလမ်းကို ဆက်သွယ် ဖောက်လုပ်နေသည့် တံတားဖြစ်သည်။ ငမိုးရိပ်ချောင်းကို ဖြတ်သန်းတည်ဆောက်နေခြင်း ဖြစ်ပြီး ယခုအခါ ချဉ်းကပ်တံတားဘိုးတိုင်များတည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။ တံတား၏ ရေလယ်တိုင်များ တည်ဆောက်ရန်ဆောင်ရွက်နေပြီဖြစ်ပြီး ကုန်းပေါ်တံတားတိုင်များမှာ ပြီးစီးနေပြီဖြစ်သည်။ တံတားသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတား၏အရှည်သည် ၂၄၂မီတာနှင့်အကျယ် ၅၆ပေရှိသည်။ လေးလမ်းသွား တံတားဖြစ်ရာ မော်တော်ယာဉ်များ လွယ်ကူစွာ ဖြတ်သန်းမောင်းနှင်နိုင်မည် ဖြစ်သည်။

ရွှေပေါက်ကံ-ဒဂုံမြို့သစ် (အရှေ့ပိုင်း) တံတားကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်ရန် မျှော်မှန်းထားသည်။

တံတား တည်ဆောက်ပြီးစီးသွားပါကရွှေပေါက်ကံစက်မှုဇုန်မှ ကုန်ပစ္စည်းများကို ဤတံတားပေါ်မှဖြတ်သန်းကာ သီလဝါဆိပ်ကမ်းသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးနိုင်မည် ဖြစ်သည်။ ထို့အတူ သီလဝါဆိပ်ကမ်းမှ ကုန်ပစ္စည်းများကိုလည်း ဤတံတားပေါ်မှ ဖြတ်သန်းသယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် မော်တော်ယာဉ်များ မောင်းနှင်သွားလာမှု အဆင်ပြေစေမည်ဖြစ်ပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အကျိုးရှိစေမည့် တံတားတစ်စင်းလည်း ဖြစ်ထွန်းလာမည်ဖြစ်သည်။

သေနတ်ဖြင့်ပစ်ခတ်ခံရမှုကြောင့် သေဆုံးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား သင်္ဂြိုဟ်

ကျောက်မဲ ဇန်နဝါရီ ၁၄

လက်နက်ကိုင် လူတစ်စု၏ ရက်စက်စွာ သေနတ်ဖြင့်ပစ်ခတ်ပြီး မီးရှို့သတ်ဖြတ်ခြင်းခံခဲ့ရသည့် ကျောက်မဲမြို့နယ် ဟဲကွီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချင်းရွှတ် (၅၉ နှစ်)၏နာရေးကို ဇန်နဝါရီ ၁၄ ရက် မွန်းတည့် ၁၂ နာရီက ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံကြီးမှ တောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်၊ မြို့ပေါ်ရှိ ပါတီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟဲကွီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှပြည်သူများ လိုက်ပါပို့ဆောင်ကြသည်။

ဇန်နဝါရီ ၉ ရက်က နောင်ပိန်ကျေးရွာသို့ ပြောင်းဖူးစေ့သွားရောင်းရာ ၎င်းက ပြောင်းဖူးစေ့အိတ်များနှင့်အတူ ကားဖြင့်ရှေ့ကသွားပြီး ဖခင်ဦးချင်းရွှတ်က နောက်မှ မော်တော်ဆိုင်ကယ်ဖြင့် လိုက်လာခဲ့သော်လည်း လမ်းတွင် ပျောက်ဆုံးနေသဖြင့် နောင်ပိန်ရဲစခန်း၌ လူပျောက်မှုဖြင့် တိုင်တန်းခဲ့ကြောင်း၊ ၎င်း၏ဆွေမျိုးများနှင့် ရွာသားများ စုပေါင်းပြီး နေ့စဉ် တောနင်းရှာဖွေခဲ့ရာ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကုန်းညောင်ရွာအနီး တောင်ကုန်းပေါ်တွင် မီးလောင်ကျွမ်းနေသော ဖခင်၏အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ အလောင်းအနီးတွင် ၎င်းစီးနေကျ ဆင်ကြယ်ညှပ်ဖိနပ်တစ်ရန်၊ ၎င်း၏ လက်ရေးဖြင့် မှတ်ပေးထားသော မီးလောင်ကျွမ်းနေသည့် မှတ်စုစာအုပ်မှ စာရွက်အချို့ကို တွေ့ရှိခဲ့ကြောင်း စသည်ဖြင့် ဦးချင်းရွှတ်၏ သားဖြစ်သူ စိုင်းဆာလူ (၃၀ နှစ်)က ပြောကြားသည်။

ဦးချင်းရွှတ်၏ ကိုယ်ခန္ဓာအတွင်း၌ ကျည်ဆန်ခဲဖူး တွေ့ရှိသည်ဟုဆိုသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ဦးချင်းရွှတ်၏ ကျန်ရစ်သူမိသားစုများအား နာရေးကူညီငွေပေးအပ်ပြီး အားပေးစကား ပြောကြားခဲ့သည်။ ဦးချင်းရွှတ်တွင် ဇနီး ဒေါ်နန်းထွေးနှင့် သားသမီးငါးဦး ကျန်ရစ်ခဲ့သည်။

မောင်မောင်(ကျောက်မဲ)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်ဝေ

လက်ပံတန်း ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်လျှပ်စစ်မှူး ဦးထွန်းလွင် ဦးဆောင်သောအဖွဲ့သည် လျှပ်စစ်ဓာတ်အား သုံးစွဲသူများနှင့်တွေ့ဆုံ၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှပေးကြောင်း သိရသည်။

သန်းဇော်

ထိမ်းမြားမင်္ဂလာ ဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ [(ဗိုလ်မှူးချုပ် ခင်အုန်း(ငြိမ်း) (သုတေသီရာမည ကိုကိုနိုင်)] +(ဒေါ်ခင်ထွေး)၊ (ဦးအုန်းကြိုင်+ဒေါ်ရွှေ)တို့၏မြေး

ဦးတင်အောင်ဝင်း (Managing Director, Beautyland HotelII) + ဒေါ်နွယ်နွယ်အုန်းတို့၏သားကြီး

မောင်စန့်အောင်ဝင်း B.Sc (Geology),

Diploma in English (SEAMEO CHAT),

HORIZON CLUB SUPERVISOR Sule Shangri-la, Yangon.

နှင့်

ပုသိမ်မြို့နေ ဦးမောင်နှင့်ဒေါ်မိရောင် ကွမ်းခြံကုန်းမြို့နေ (ဦးကျော်သန်း+ဒေါ်နု)တို့၏မြေး ရန်ကုန်မြို့နေ ဒုရဲမှူး ဦးမြင့်သန်း(သတင်းတပ်ဖွဲ့)+ဒေါ်လှဲလှဲဝင်းတို့၏ တစ်ဦးတည်းသော သမီး

မသော်တာနှင်းအိ B.Sc (Maths),

Diploma in English (SEAMEO CHAT),

Contract Specialist (CCFM), HUAWEI TECHNOLOGIES CO.,LTD

တို့၏ ၁၀-၁-၂၀၁၅ ရက်တွင် Sule Shangri-la Hotel တွင် ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်မြေယပ်နန်းကုံးနှင့် မင်္ဂလာလက်ဖွဲ့တို့ ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီး ခင်မောင်ထွေး(ငြိမ်း)နှင့်ဒေါ်နှင်းနှင်းမွယ်၊ မင်္ဂလာအခမ်းအနားမှူး ဒေါက်တာနိုင်ထွန်း နှင့် Power Music Band၊ Forever မိတ်ကပ်နှင့်ဝီဒီယိုအဖွဲ့၊ မင်္ဂလာတင်ခုံတော်ဝင်သူ မနိုင်(သုဒ္ဓစ်) သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာ ဗိုလ်ချုပ်ဈေး မိတ်ကပ် စိုးစိုးနှင့်အဖွဲ့၊ ၈-၁-၂၀၁၅ရက်တွင် ဓမ္မာချောင်ကျောင်းတိုက်၊ (၈)မိုင်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးနှင့်မင်္ဂလာမော်ကွန်းလက်မှတ် ရေးထိုးပွဲ၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ဦးအောင်နန့် ဒုတိယမြို့နယ်တရားသူကြီး(လှိုင်မြို့နယ်) အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ကြပါသော ဆွေမျိုး မိတ်သင်္ဂဟများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများနှင့်သူငယ်ချင်းများ၊ Sule Shangri-la Hotel Area Manager, General Managen မန်နေဂျာများနှင့် ဟိုတယ်ဝန်ထမ်း သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ထောင်းသော မိဘများနှင့် မောင်စန့်အောင်ဝင်း+မသော်တာနှင်းအိ

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးမြတ်သူ၏ စီးပွား/ကူးသန်းကားပါမစ်မူရင်း ISP/DV& 14-15-55152 21-11-14 အမှတ်ပါ မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၅၁၀၄၉၄၄**

စာအုပ်စာပေ လူ့မိတ်ဆွေ

နော်ဝေ-မြန်မာစာပေပွဲတော် ညပိုင်းဖျော်ဖြေရေးအစီအစဉ်

INSTITUSJONEN FRITT ORD — SVENSKA POSTKOD LOTTERIET — HEDDA

စာပေ၊ ပန်းချီ၊ ကာတွန်း၊ ဂီတ၊ သဘင်၊ ရုပ်ရှင်ပညာရှင်များ၏ ညစဉ်ဖျော်ဖြေမှုများ။

(၁) မန္တလေးသိန်းဇော်ရိုက်ကူးသည့် ယဉ်ကျေးမှုကျောင်းသား/ကျောင်းသူလေးများ၏ "တနေ့တဲ့ကမ္ဘာ"နှင့် ဒါရိုက်တာနန်းဝင်းနှင့် မန္တလေးသိန်းဇော် တို့၏ "နတ်သျှင်နောင် ထားသရုပ်ဖော်"

(၂) ဓာတ်ညွှန်းအကယ်ဒမီမြင့်မောင်း ဒါရိုက်တာနန်းဝင်းထောင်ဆောက်ပြီး အောင်မင်းသန့်၊ မေသဉ္ဇာဦး နေအောင်တို့ပါဝင်သည့် ဆရာမောင်ထင်၏ "အာဒါနည်မိဒင်"ပြဇာတ်

(၃) ဓာတ်ညွှန်း ချစ်ဦးညို၊ ဒါရိုက်တာနန်းဝင်းစီစဉ်သည့် ဦးဘုန်း(ဓာတ)၊ ရွှေကုမေနှင်း၊ မောင်လှမျိုး(ချင်းချောင်း)၊ ခင်သန္တာတို့ ဦးဆောင်၍ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီ၊ ကာတွန်းဆရာများပါဝင် ကပြမည့် ဆရာဇော်ဂျီ၏ "မဟာဆန်ချင်သူ"ပြဇာတ်

(၄) ဒါရိုက်တာနန်းဝင်းစီစဉ်တင်ဆက်သည့် သဘင်ပညာသည်များ၏ "သာဓုခေါ်သည်" ဖျော်ဖြေမှုများနှင့်

ဇန်နဝါရီ (၁၇) စနေညာ မြန်မာပြည်စတားအငြိမ့်အဖွဲ့

ဇန်နဝါရီ (၁၈) တနင်္ဂနွေည၊ ဟားငါးကောင်အငြိမ့်အဖွဲ့

ဇန်နဝါရီ (၁၉) တနင်္လာည၊ သီးလေးသီးအငြိမ့်အဖွဲ့ တို့မှဖျော်ဖြေပါမည်။

လက်မှတ်အရောင်းဌာနများ၊ အမျိုးသားကဇာတ်ရုံတွင် (ဇန်နဝါရီ ၁၇၊၁၈၊၁၉)ရက် ညပိုင်းအနုပညာဖျော်ဖြေပွဲများအတွက် ၅၀၀၀၀/- ၃၀၀၀၀/- ၂၀၀၀၀/- ၁၀၀၀၀/ နှင့် ၅၀၀၀/ကျပ်တန် လက်မှတ်များအား (၁) အင်းဝစာအုပ်တိုက်၊ ဦးထွန်းလင်းခြံလမ်း၊ ဂျည်တာနီး (၂) အင်းဝစာအုပ်တိုက်၊ ပန်းဆိုးတန်းလမ်းအထက်၊ (၃) စာပေလောက-၂၊ ပန်းဆိုးတန်းလမ်းအထက်၊ (၄) စာပေလောက-၆၊ ရန်ကင်းလမ်းမကြီး ၁၂ လုံးတန်းတို့၌ ဝယ်ယူအားပေးနိုင်ပါသည်။

Think in English

ရှုံးဦးစီးဖူးသားများ၊ ကောင်းစွာသိသည်

ရွှေကြီးတန်း ကျောင်းသားများအတွက် ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေ သင်တန်းများ လက်ခံနေပါပြီ။

ဆက်သွယ်ရန် - ၀၉-၄၂၅၀၂၆၁၀၂

အမှတ်(၃) ဦးဝိစ္စာလမ်း၊ ပုဇွန်တောင်မြို့နယ်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/1588,Nissan Wingroad ,S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာဝင်း ၁၂/တမန(နိုင်)၀၇၂၃၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကြော်ငြာ

NEW YEAR PROMOTION

၁၅.၁.၂၀၁၅ မှ စတင်၍ (၃) လနှင့်အထက်
သက်တမ်းတိုးသူများအတွက် တစ်ရက် လျှင်

၁၀၀ ကျပ်

5 NETWORK & PLUS PACKAGE
3,000 KS
PER MONTH

SPORTS PACKAGE
4,425 KS
PER MONTH

(3) လ – (6) လ – (12) လ သက်တမ်းတိုး ဝယ်ယူကြည့်ရှုနိုင်ပါသည်။

အသစ် ဝယ်ယူသူများ အတွက်
စက်+ကတ်+
Sports Package
(28 Channels) ၁လစာအပါ
39,900 KS

HOTLINE : 01-400878 I 01-2306166

ဆောင်းပါးနှင့်ဆောင်းပါး

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လျှပ်စစ်(အပိုင်း-၂)

သိပ္ပံစာရေးဆရာ ကိုကိုအောင်

လျှပ်စစ်အန္တရာယ်မှကာကွယ်ခြင်း

လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူ၍ ဖြန့်ဖြူးသုံးစွဲကြရာတွင် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးကြစေရန်အတွက် အစီအမံများပြုလုပ်ကြရသည်။ လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေရေးအတွက် အဓိကကျသော အစီအမံများမှာ အောက်ပါအတိုင်းဖြစ်သည်-

မြေစိုက်ကြိုးတပ်ဆင်ခြင်း

အေစီလျှပ်စစ်ဓာတ်အားစီးဆင်းနေသော ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ဆက်သွယ်တပ်ဆင်မှုပစ္စည်းများကို လျှပ်ကာပစ္စည်းတစ်စုံတစ်ရာမပါဘဲ ထိမိ ကိုင်မိလျှင်လည်းကောင်း၊ အေစီလျှပ်စစ်ကို အသုံးပြုသောပစ္စည်းတစ်ခုခုချွတ်ယွင်းပြီး ယင်းပစ္စည်း၏ ကိုယ်ထည်(Body)တွင် လျှပ်စစ်ဓာတ်အားပျံ့နှံ့နေစဉ် ကိုင်တွယ်ထိမိလျှင် လည်းကောင်း၊ ခန္ဓာကိုယ်ချို့ယွင်းမှုမှသည် အသက်အန္တရာယ်အထိပင်ဖြစ်နိုင်သည်။

သို့ဖြစ်၍ အေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးရာတွင် ဓာတ်အားတည်ငြိမ်မှု (Power Stability) ရှိစေရန်နှင့် လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန်အတွက် မြေစိုက်ကြိုးကိုအသုံးပြုရသည်။ မြေစိုက်ကြိုး (Earth Wire) ဆိုသည်မှာ အဆောက်အအုံတစ်ခုအတွင်း အသုံးပြုသည့် လျှပ်စစ်ဆိုင်ရာဆက်သွယ်တပ်ဆင်မှုပစ္စည်းများတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ပထဝီမြေဓာတ်ကိုအသုံးချဆက်သွယ်ထားသောကြိုးဖြစ်သည်။

လျှပ်စစ်ပစ္စည်းများတွင်တစ်စုံတစ်ခုသော ချွတ်ယွင်းမှုကြောင့် ပျံ့နှံ့လာမည့်လျှပ်စစ်စီးကြောင်းကို ပထဝီမြေကြီးအတွင်းသို့ ရောက်ရှိသွားအောင် မြေစိုက်ကြိုးက ကြိုတင်လမ်းလွှဲပေးထားခြင်းဖြစ်သည်။ မြေစိုက်ကြိုးတပ်ဆင်ထားခြင်းမရှိပါက သို့တည်းမဟုတ် တပ်ဆင်ထားသည့်တိုင် စနစ်တကျမရှိပါက လျှပ်စစ်စီးကြောင်းသည် ကိုင်တွယ်မိသူ၏ခန္ဓာကိုယ်အတွင်း အလွန်လျင်မြန်သောအရှိန်အဟုန်ဖြင့် စီးဝင်ပျံ့နှံ့သွားကာ၊ ဓာတ်လိုက်မှုအချိန်ကြာသွားပါက အသက်ဆုံးရှုံးမှုအထိပင် ဖြစ်ပေါ်နိုင်သည်။

ဒဏ်ခံကြိုးအသုံးပြုခြင်း

လျှပ်စစ်ဝိုင်ယာကြိုး အချင်းချင်းသော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားရှိသော ဝိုင်ယာကြိုးနှင့်မြေစိုက်ကြိုးတို့သော်လည်းကောင်း၊ ထိတွေ့မိသောအခါ တစ်နည်းအားဖြင့်ရှော့ခ် (Short Circuit)ဖြစ်သောအခါ လျှပ်စစ်ပစ္စည်းများပျက်စီးမှုနှင့် လျှပ်စစ်အန္တရာယ်ပင်ဖြစ်ပွားမှုတို့မှ ကာကွယ်ရန်အတွက် အလိုအလျောက်ပြတ်တောက်သွားအောင် တပ်ဆင်အသုံးပြုသော ကြားခံကြိုးကို ဒဏ်ခံကြိုး (Fuse)ဟုခေါ်သည်။

ဒဏ်ခံကြိုးသည်လည်း လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လျှပ်စစ်သွယ်တန်းမှုမှန်သမျှတွင်ဒဏ်ခံကြိုးကို မလွဲမသွေ ထည့်သွင်းအသုံးပြုကြရမည် ဖြစ်သည်။ ယင်းသို့အသုံးပြုရာ၌လည်း ဒဏ်ခံကြိုး၏အရွယ်အစားကို မှန်ကန်စွာ ရွေးချယ်ရန်အရေးကြီးသည်။ အသုံးပြုမည့်လျှပ်စစ်ဓာတ်အားပမာဏကိုလိုက်၍ ဒဏ်ခံကြိုး၏အရွယ်အစားကို လိုက်လျောညီထွေဖြစ်အောင် ရွေးချယ်တပ်ဆင်ခြင်းကြောင့် လျှပ်စီးပတ်လမ်းကြောင်းအတွင်း ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော လျှပ်စစ်အန္တရာယ်ကို ဒဏ်ခံကြိုးအား ပြတ်တောက်သွားစေခြင်းဖြင့် ကာကွယ်တားဆီးနိုင်သည်။

ဒဏ်ခံကြိုးသည် လူနေအဆောက်အအုံနှင့် စက်ရုံ၊ အလုပ်ရုံများတွင် သွယ်တန်းထားသော လျှပ်စီးပတ်လမ်းကြောင်းအတွင်း ချွတ်ယွင်းမှု တစ်စုံတစ်ရာဖြစ်ပါက ယင်းအဆောက်အအုံများတွင် လျှပ်စစ်ကြောင့်ဖြစ်ရသော အန္တရာယ်အမျိုးမျိုးနှင့် မီးလောင်ကျွမ်းမှု စသည်တို့မှ ကာကွယ်ရန်အလို့ငှာ အသုံးပြုကြရသော ပစ္စည်းဖြစ်သည့်အတွက်၊ လျှပ်စစ်အန္တရာယ်တစ်စုံတစ်ရာရှိနေသည်နှင့်တစ်ပြိုင်နက် ဒဏ်ခံကြိုးမှာ ချက်ချင်းပြတ်တောက်သွားရန် အရေးကြီးသည်။ ဒဏ်ခံကြိုး၏ အရွယ်အစားမှာ ရှိသင့်သည်ထက်ကြီးနေမည်ဆိုပါက လျှပ်စစ်ချွတ်ယွင်းမှု ဖြစ်သည့်အခါ ပြတ်တောက်သွားနိုင်ခြင်းရှိမည်မဟုတ်သည့်အတွက် အန္တရာယ်ရှိနေသော လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးနိုင်ခြင်းရှိတော့မည်မဟုတ်ပေ။

သို့ဖြစ်၍ သွယ်တန်းတပ်ဆင်အသုံးပြုသော လျှပ်စစ်ဝန်အားပမာဏနှင့် လိုက်လျောညီထွေဖြစ်မည့် ဒဏ်ခံကြိုးအရွယ်အစားကို ရွေးချယ်တပ်ဆင်ကြရမည်ဖြစ်သည်။ ဒဏ်ခံကြိုးအရွယ်အစားမှန်ကန်ပါက ယင်းဒဏ်ခံကြိုးသည် အန္တရာယ်ကင်းသော လျှပ်စီးအင်အားပမာဏတွင် ပြတ်တောက်ခြင်းမရှိဘဲ လျှပ်စီးပတ်လမ်းအတွင်း၌ အန္တရာယ်ရှိသော လျှပ်စီးအင်အားပမာဏသို့ မြင့်တက်လာချိန်မှသာ ပြတ်တောက်သွားမည်ဖြစ်သည်။

လျှပ်စစ်ပစ္စည်းများကို စနစ်တကျထုတ်လုပ်ရောင်းချသော ကုမ္ပဏီကြီးများသည် ဝိုင်ယာနန်းမျှင်ဒဏ်ခံကြိုး နှစ်မျိုးကို အထူးပြုလုပ်ကာ ဈေးကွက်တင်၍ ရောင်းချကြသည်။ အဆိုပါ ဒဏ်ခံကြိုးနှစ်မျိုးမှာ ခဲနှင့်သံဖြူစပ် ဒဏ်ခံကြိုးနှင့် သံဖြူရည်စိမ်ကြေးနန်းမျှင် ဒဏ်ခံကြိုးများဖြစ်ကြသည်။ လျှပ်စစ်ဒဏ်ခံကြိုးများကိုလျှပ်စစ်ဝိုင်ယာကြိုးခွေများကဲ့သို့ပင် အခွေများပြုလုပ်ထုပ်ပိုးပြီး အဆိုပါဒဏ်ခံကြိုးခွေထုပ်ပိုးခွံပေါ်၌ ကြိုးအရွယ်အစားအလိုက် အန္တရာယ်ကင်းစွာသယ်ဆောင်နိုင်သော လျှပ်စီးပမာဏ(အင်ပီယာ)များကို ရေးသားဖော်ပြထားကြသည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်ဆိုင်ရာပစ္စည်းများ တပ်ဆင်သုံးစွဲသူအများစုတို့သည် ရိုးရိုးကြေးနန်းမျှင်များကိုသာ ဒဏ်ခံကြိုးများအဖြစ် အသုံးပြုလျက်ရှိနေကြပြီး ယင်းသို့သုံးစွဲကြရာ၌လည်း အရွယ်အစားမှန်ကန်အောင် ရွေးချယ်တပ်ဆင်ခြင်းမျိုး မဟုတ်ဘဲ အနီးစပ်ဆုံးဖြစ်နိုင်သည့် အရွယ်အစားများကို စိတ်မှန်းဖြင့်သာ တပ်ဆင်သုံးစွဲနေကြခြင်းဖြစ်သည်။

ကြေးဝိုင်ယာဒဏ်ခံကြိုးများ၏ အရွယ်အစားကိုလိုက်၍ ပြတ်တောက်သွားနိုင်သော လျှပ်စီးအင်အားပမာဏကို $I=a \times d^{3/2}$ ပုံသေနည်းဖြင့် တွက်ချက်ရသည်။ I သည် ပြတ်တောက်မည့် လျှပ်စီးပမာဏဖြစ်၍ d မှာ ဒဏ်ခံကြိုးကြေးနန်းမျှင်၏အချင်းဖြစ်သည်။ a သည် မြှောက်ဖော်ကိန်းဖြစ်၍ ကြေးဝိုင်ယာအတွက် တန်ဖိုးမှာ ၁၀၂၄၄ ဖြစ်သည်။ အဆိုပါပုံသေနည်းဖြင့် တွက်ချက်သော် ကြေးနန်းမျှင်ဒဏ်ခံကြိုး၏အရွယ်အစားအလိုက် ပြတ်တောက်မည့်လျှပ်စီးပမာဏအသီးသီးကို အောက်ပါအတိုင်း ရရှိမည်ဖြစ်သည်။

ဒဏ်ခံကြေးနန်းမျှင်၏ SWG နံပါတ်	ကြေးနန်းမျှင်ဝိုင်ယာ၏ အချင်း(လက်မ)	အန္တရာယ်ကင်းသော လျှပ်စီးပမာဏ (အင်ပီယာ)	ပြတ်တောက်မည့် လျှပ်စီးပမာဏ (အင်ပီယာ)
၃၄	၀.၀၀၉၂	၄.၅	၉.၀
၃၂	၀.၀၁၀၈	၅.၇	၁၁.၅
၃၀	၀.၀၁၂၄	၇.၀	၁၄.၀
၂၈	၀.၀၁၄၈	၉.၀	၁၈.၅
၂၆	၀.၀၁၈၀	၁၂.၄	၂၄.၇
၂၄	၀.၀၂၂၀	၁၆.၅	၃၃.၀
၂၂	၀.၀၂၈၀	၂၄.၀	၄၈.၀
၂၀	၀.၀၃၆၀	၃၅.၀	၇၀.၀
၁၈	၀.၀၄၈၀	၅၄.၀	၁၀၈.၀
၁၆	၀.၀၆၄၀	၈၃.၀	၁၆၆.၀
၁၄	၀.၀၈၀၀	၁၁၆.၀	၂၃၂.၀
၁၂	၀.၁၀၀၀	၁၇၂.၀	၃၄၄.၀

ဖော်ပြပါဇယားကို လေ့လာကြည့်လျှင် အရွယ်အစားသေးငယ်သော SWG 34 ဒဏ်ခံကြိုးသည် လျှပ်စီးပမာဏ ၉ အင်ပီယာ အရောက်တွင် ပြတ်တောက်မည်ဖြစ်သော်လည်း အရွယ်အစားကြီးမားသော SWG 12 ဒဏ်ခံကြိုးကမူ လျှပ်စီးပမာဏ ၃၄၄ အင်ပီယာ ရောက်မှသာ ပြတ်တောက်မည်ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ သို့ဖြစ်၍ မလိုအပ်ဘဲ ဒဏ်ခံကြိုးအရွယ်အစားကြီးနေခြင်းသည် လျှပ်စစ်အန္တရာယ်ကို ဖိတ်ခေါ်ရာရောက်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။

သွယ်တန်းကြိုးများရွေးချယ်ခြင်း

လူနေအဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းသည့်အခါ အဆိုပါ အဆောက်အအုံများတွင် အသုံးပြုမည့် အများဆုံးသော လျှပ်စီးအင်အားပမာဏအပေါ် မူတည်၍ သွယ်တန်းကြိုး အရွယ်အစားများကို မှန်ကန်စွာရွေးချယ်ကြရမည်ဖြစ်သည်။ ပင်မအဝင်ဓာတ်အားလိုင်းကြိုးကိုသာမက အဆောက်အအုံအတွင်း၌ လျှပ်စစ်ဓာတ်အားခွဲဝေသုံးစွဲမှုအတွက် သွယ်တန်းမည့် ဓာတ်အားခွဲသွယ်တန်းကြိုးများအတွက်ပါ စနစ်တကျ ရွေးချယ်တပ်ဆင်ကြရမည်ဖြစ်သည်။

ပင်မဓာတ်အားလိုင်းကြိုးများနှင့် ထပ်ဆင့်သွယ်တန်းကြိုးများမှာ လျှပ်စီးအင်အားခံနိုင်ရည်ရှိမှုအပေါ် မူတည်၍ အရွယ်အစားနှင့်ကိန်းဂဏန်းသတ်မှတ်ချက်များ အမျိုးမျိုးရှိကြသည်။ သွယ်တန်းကြိုးများ၏ အရွယ်အစားကို ဂဏန်းလေးလုံးဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ၃/၀၂၉၊ ၇/၀၃၆၊ ၇/၀၅၂ စသည်တို့ဖြစ်ကြသည်။

၃/၀၂၉ (သရီးအိုတူးနိုင်း)ကြိုးဆိုသည်မှာဝိုင်ယာနန်းမျှင်သုံးချောင်းပါရှိပြီး ဝိုင်ယာနန်းမျှင်တစ်ချောင်း၏ ထိပ်ဖြတ်အချင်းမှာ ၂၉'/၁၀၀ဖြစ်သည်ကို ဆိုလိုသည်။ အလားတူပင် ၇/၀၃၆ (ဆဲဗင်းအိုသရီးစစ်) ကြိုးတွင် နန်းမျှင်ခုနစ်ချောင်းပါရှိပြီး နန်းမျှင်တစ်ချောင်း၏ ထိပ်ဖြတ်အချင်းမှာ ၃၆'/၁၀၀ ဖြစ်သည်။

အဆိုပါ သွယ်တန်းကြိုးများသည် အရွယ်အစားကိုလိုက်၍ လျှပ်စီးအင်အား ခံနိုင်ရည်အမျိုးမျိုးရှိကြသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆေးတက္ကသိုလ်(၁)
မြတ်ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ

ဆေးတက္ကသိုလ်(၁) ၁၉၈၀-၁၉၈၅ ဘွဲ့ရဆရာဝန်များ၏ တတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နံနက်ပိုင်းဆရာကန်တော့ပွဲ ။ ။စာကြည့်တိုက်ဟောင်းခန်းမ၊ ဆေး(၁) လမ်းမတော်၊ (နံနက် ၈-၁၀ နာရီ)

ညနေပိုင်းမိတ်ဆုံစားပွဲ ။ ။စာကြည့်တိုက်ဟောင်းခန်းမရှေ့မြက်ခင်းပြင် (graduation dinner Lawn)၊ ညနေ ၆ နာရီစပါမည်။

ဆက်သွယ်ရန် ။ ။ဒေါက်တာချစ်စိုး ဖုန်း-၀၉-၅၀၇၂၃၆၃၊
ဒေါက်တာခင်ခင်အေး ဖုန်း-၀၉-၅၁၃၁၂၁၅၊
ဒေါက်တာဝင်းနိုင် ဖုန်း-၀၉- ၅၄၀၄၉၆၂၊
ဒေါက်တာဥမ္မာထွန်း ဖုန်း-၀၉-၅၁၁၆၁၆၉၊
ဒေါက်တာစိုးဝင်း ဖုန်း-၀၉-၅၁၂၂၃၉၂၊
ဒေါက်တာ မဝင်းရီ ဖုန်း-၀၉-၅၀၀၇၅၉၃

စစ်တက္ကသိုလ်
အမှတ်စဉ်(၄၅) ဗိုလ်လောင်းသင်တန်း

ကျောင်းဆင်းသူငယ်ချင်းများ၏ (၁၂)နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ မိသားစုနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ဆွမ်းဆက်ကပ်ခြင်း - ၁၇-၁-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ၊ တပ်တွင်းခန်းမရုံ၊ မရမ်းကုန်း။

စစ်ဆေးရုံသို့အလှူငွေလှူဒါန်းခြင်း - ၁၇-၁-၂၀၁၅ ရက်၊ ၁၃း၀၀နာရီ

ညစာစားပွဲ - ၁၇-၁-၂၀၁၅ ရက်၊ ၁၈း၃၀နာရီ၊ အင်းယားလိတ်ဟိုတယ်လမ်း၊ မရမ်းကုန်း။

ဆက်သွယ်ရန် -မျိုးမောင်မောင် ဖုန်း-၀၉-၄၉၂၂၂၂၃၄၊ ငြိမ်းချမ်းပြည့်စုံ ဖုန်း-၀၉-၄၂၀၁၃၈၆၄၀၊ ကျော်ကျော်လင်း ဖုန်း-၀၉-၅၀၂၈၉၁၈

ရခိုင်သဟာယအသင်းနှင့်ရခိုင်အမျိုးသမီးအသင်း
ရခိုင်ပညာရည်ချွန်ဆု ထူးခြားထူးချွန်ဆုပေးပွဲကျင်းပမည်

ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်းတို့၏နှစ်စဉ်ပုံးပေါင်းကျင်းပမြဲဖြစ်သော ရခိုင်ပညာရည်ချွန်ဆုနှင့် ထူးခြားထူးချွန်ဆုပေးပွဲကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ခန်းမရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး(၅)ဘာသာနှင့်အထက် ရရှိကြသော ရခိုင်ပြည်နယ်နှင့် အခြားတိုင်းနှင့်ပြည်နယ်များမှ ကျောင်းသူ ကျောင်းသားများ၊ ဂုဏ်ထူး(၃)ဘာသာနှင့်အထက်ရရှိသူ အသင်းနှစ်သင်း၏ အသင်းဝင်မိသားစု ကျောင်းသူကျောင်းသားများနှင့် နိုင်ငံတကာအဆင့်၊ နိုင်ငံတော်ဗဟိုအဆင့်တို့၌ အားကစား၊ စာပေ၊ ဂီတ၊ အနုပညာနယ်ပယ်တွင် ဆုရရှိကြသူများသည် သက်ဆိုင်ရာဆုဂုဏ်ပြုလက်မှတ် အထောက်အထားများနှင့်အတူ ၃၁-၁-၂၀၁၅ရက် နောက်ဆုံးထား၍ သဟာယအသင်းရုံး အမှတ် ၄၈၁၊ ဒုထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးအနီး၊ တာမွေမြို့နယ် ဖုန်း-၀၁-၄၃၀၁၇၂၊ ရခိုင်အမျိုးသမီးအသင်းမှ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်ခိုင်နု ဖုန်း-၃၇၄၄၉၀တို့သို့ ဆက်သွယ်လျှောက်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

ဆုပေးပွဲကျင်းပရေးအဖွဲ့

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်များကို ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ၁-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)၌ တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)အသင်းခန်းမရုံ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်တွင် နံနက် ၉း၀၀နာရီမှစတင်၍ ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနားတွင် ဘွဲ့ထူး၊ ဂုဏ်ထူးရပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုခြင်းဖြင့် ၂၀၁၄ခုနှစ် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်များ၏ သားသမီးဖြစ်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပါသဖြင့် ဂုဏ်ထူး၊ ဘွဲ့ထူးရပုဂ္ဂိုလ်များ၊ ကျောင်းသူ ကျောင်းသားများသည် ၂၅-၁-၂၀၁၅ရက် နောက်ဆုံးထား၍ သတင်းပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကန်တော့ခံ အဘိုး အဘွားများ၊ နာယကကြီးများ၊ အသင်းသူ/သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ-

ဥက္ကဋ္ဌ ဦးသိန်းအောင်(၅၂၆၁၆၄) ဖုန်း-၀၉-၅၁၀၉၃၀၈၊ ဒု-ဥက္ကဋ္ဌ ဦးထွန်းအောင် (ဗိုလ်မှူး-ငြိမ်း) ဖုန်း-၀၁-၅၃၅၀၂၉၊ ၀၉-၃၂၁၅၂၂၇၁၊ ဒု-ဥက္ကဋ္ဌ ဦးတင်ငွေ ဖုန်း-၀၉-၅၃၀၀၂၅၄ အတွင်းရေးမှူး ဦးကြင်မောင် ဖုန်း-၀၉-၂၅၄၀၆၃၅၆၉

အမှုဆောင်အဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၄၅၉၂ Yinxaing 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၉/သစန(နိုင်)၀၉၁၉၇၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9538 Nissan AD-VY12 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၂/လမန(နိုင်)၁၅၃၂၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၄၁၄၈ ဦးထွန်းရွှေ ၂/မစန(နိုင်)၀၀၀၆၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၇၉၃၆ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၁၀/သထန(နိုင်)၀၀၆၆၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သဘာဝပိုးမွှားရောဂါကာကွယ်ဆေးနှင့် မြေသြဇာများသုံးစွဲခြင်း ပညာပေးသင်တန်းဖွင့်

တမူး ဇန်နဝါရီ ၁၄

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သဘာဝပိုးမွှားရောဂါကာကွယ်ဆေးနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင် ဒုတိယရဲမှူးကြီး

ခင်မောင်သော်က အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများကို စပါးခွံပေါင်းခံရည်ဖြင့် သဘာဝပိုးမွှားရောဂါကာကွယ်ဆေး ထုတ်ယူပုံနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲ အသုံးချခြင်းကို ခရိုင် စိုက် ပျိုးရေးဦးစီးမှူးက လက်တွေ့ ရှင်းလင်းပြသခဲ့ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(တမူး)

ဝါးထွက်ပစ္စည်းများ ထုတ်လုပ်သုံးစွဲခြင်းသင်တန်းဖွင့်

သာယာဝတီ ဇန်နဝါရီ ၁၄

သာယာဝတီခရိုင် ဝါးစီမံအုပ်ချုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဝါးတောများစီမံအုပ်ချုပ်ခြင်း၊ ပုဂ္ဂလိကဝါးစိုက်ခင်း များတည်ထောင်ခြင်းနှင့် ဝါးထွက်ပစ္စည်းများ ထုတ်လုပ်သုံးစွဲခြင်းသင်တန်းအမှတ်စဉ် (၁)ဖွင့်ပွဲအခမ်းအနားကို သစ်တောဦးစီးဌာန သာယာဝတီခရိုင် လက်ထောက် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက် နံနက် ၁၀နာရီကကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ သစ်တော်ဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသန်းစိုး တက်ရောက်အမှာစကားပြောကြားပြီး သာယာဝတီခရိုင်အတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှ သင်တန်းသား ၂၂ ဦး၊ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်အသင်းကိုယ်စားလှယ် လေးဦး စုစုပေါင်း ၂၆ ဦးတက်ရောက်ခဲ့သည်။

တင်သိန်းလွင်

မြောက်ဦးမြို့နယ်အတွင်း ကွန်ကရစ်လမ်းများ ဖောက်လုပ်

မြောက်ဦး ဇန်နဝါရီ ၁၄

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်နေသော လမ်းများအနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ ခွင့်ပြုငွေကျပ် ၃၂၅ သန်းဖြင့် မြောက်ဦး-ပိုးဖြူကျွန်းလမ်း နှစ်မိုင်၊ ခြောက် ဒသမလေးဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၇၂ ဒသမ ၇ သန်းဖြင့် မြောက်ဦး-မဟာထီးလမ်း တစ်မိုင် လေးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းများ ဖောက်လုပ်နေမှုကို မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရွှေကျော်ဦး၊ မြို့နယ်အင်ဂျင်နီယာ ဦးထွန်းလင်းကျော်တို့ဦးစီးပါဝင်သော အဖွဲ့မှဇန်နဝါရီ ၁၀ ရက်တွင် မြောက်ဦး-ပိုးဖြူကျွန်းလမ်းကိုလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် မြောက်ဦး-မဟာထီးလမ်းကိုလည်းကောင်း သွားရောက်ကြည့်ရှုကာ ကွန်ကရစ်ခင်းနေမှုလုပ်ငန်းများအား စံချိန်စံညွှန်းပြည့် မီအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းများစနစ်တကျရှိစေရေး၊ အချိန်မီပြီးစီးနိုင်ရေးစသည်တို့ကို မှာကြားပြီး လိုအပ်ချက်များအားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကြီးစော

မော်လူးမြန်မာ့မီးရထားပိုင်မြေတွင် ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်မည်

မော်လူး ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မော်လူး မီးရထားပိုင်မြေတွင် တယ်လီနော လက်အောက်ခံ IGT ကုမ္ပဏီမှ တာဝန်ယူကာ ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူရန် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကုမ္ပဏီမှ တာဝန်ရှိ သူများလာရောက်ကာ မြေနေရာကြည့်ရှုရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကုမ္ပဏီက မြန်မာ့ မီးရထားပိုင် မြေတွေပေါ်မှာ ဆက်သွယ်ရေး တာဝါတိုင်တွေ တည်ဆောက်ဖို့အတွက် မြေနေရာတွေကို လာရောက်ကြည့်ရှုရွေးချယ်တာပါ။ မြန်မာ့မီးရထားပိုင်မြေနေရာတွေဖြစ်တဲ့ လာရှိုး(LSR)၊ စစ်ကိုင်း (SGR)၊ မန္တလေး (MDR) စတဲ့နေရာတွေမှာ ဆက်သွယ်ရေး တာဝါတိုင်တွေကို တည်ဆောက်နိုင်ဖို့ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ မီးရထား ဘူတာကနေ မော်လူးမီးရထားဘူတာအထိ မီးရထားလမ်းတစ်လျှောက် ဘူတာတွေကိုလည်း ဝင်ရောက်ပြီး တာဝါတိုင်တွေ တည်ဆောက်နိုင်ဖို့ မြေနေရာတွေကို သက်ဆိုင်ရာ မီးရထားဘူတာက တာဝန်ရှိသူတွေနဲ့အတူ လိုက်လံကြည့်ရှု ရွေးချယ်နေတာပါ။ မြန်မာ့မီးရထားပိုင်မြေတွေပေါ်မှာ ဆက်သွယ်ရေးတာဝါတိုင်တွေ တည်ဆောက်ဖို့ မြန်မာ့မီးရထားတာဝန်ရှိသူတွေက ခွင့်ပြုပေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ တည်ဆောက်မယ့် တာဝါတိုင်တွေဟာ MPT၊ တယ်လီနော၊ အော်ရီဒူးစတဲ့ ကုမ္ပဏီကတာဝါတိုင်တွေနဲ့ ချိတ်ဆက်ပြောဆိုလို့ရတဲ့အထိ မြေမျက်နှာပြင်အနေအထားပေါ်လိုက်ပြီး တာဝါတိုင်အမြင့်ကို ၃၅၊ ၄၅၊ ၇၂ မီတာအမြင့်အထိ တည်ဆောက်မှာပါ" ဟု IGT ကုမ္ပဏီမှ ဦးသိန်းထိုက်အောင်က ပြောပြသည်။

ခင်မောင်ဆွေ

တတိယအကြိမ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဓာတ်ပုံများပေးပို့ရမည့် နောက်ဆုံးရက်ကြေညာခြင်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၁၅ ခုနှစ်တတိယအကြိမ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ခေါင်းစဉ်လေးခုဖြင့် ကျင်းပမည်ဖြစ်ရာ (၁) ၁၂ရာသီပွဲတော်များ၊ (၂)ရိုးရာလက်မှုအနုပညာလုပ်ငန်းများ၊ (၃)ပြောင်းလဲတိုးတက်လာသော မြို့တော်ရန်ကုန်မြင်ကွင်း၊ (၄) တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံများဟူ၍ ဖြစ်သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်သည်။

ယခုပြိုင်ပွဲဝင်လိုသော ဓာတ်ပုံပညာရှင်များအနေဖြင့် မတ် ၆ ရက် နောက်ဆုံးထားပြီး မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနသို့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ပေးပို့လာသောဓာတ်ပုံများကို မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် နံနက် ၁၀ နာရီမှ စတင်ရွေးချယ်မည်ဖြစ်ပြီး ဓာတ်ပုံဆုပေးပွဲနှင့် ပြပွဲကို မတ် ၁၀ ရက်မှ ၁၉ ရက်အထိ မြို့တော်ခန်းမပထမထပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကဏ္ဍတစ်ခု၌ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ ယှဉ်ပြိုင်နိုင်ပြီး (၁၂ ×၁၈)လက်မအရွယ်ရှိပြီး ORIGINAL IMAGE FILE (RAW FILE(or)JPEGFILE,CD) ဖြင့် ပူးတွဲတင်သွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးဌာနနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့တွင် ထုတ်ယူနိုင်ပြီး ဆုကြေးအဖြစ် မြို့တော်ဝန်အထူးဆု Grand Prize ဆုကြေးငွေကျပ် ၁၅ သိန်း၊ ကဏ္ဍတစ်ခုစီအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးဆုစီ ချီးမြှင့်သွား မည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆၃၆၅၅၂ နှင့် ၀၉-၄၉၂၂၇၈၈၆ တို့တွင် စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗြိတိသျှကောင်စီစာကြည့်တိုက်မှ အာရုံဦးမြန်မာ ခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဗြိတိသျှကောင်စီစာကြည့်တိုက်မှ အာရုံဦးမြန်မာ (Daybreak in Myanmar) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲအစီအစဉ်ကို စာကြည့်တိုက်ရှိရာ ကမ်းနားလမ်း၌ ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဟောပြောဆွေးနွေးပွဲအစီအစဉ်၌ ဓာတ်ပုံပညာရှင် Geoffrey Hiller မှ ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံသို့ ၁၉၈၇ ခုနှစ်မှစတင်၍ အကြိမ်များစွာရောက်ရှိခဲ့ကာ မြန်မာလူမျိုးတို့၏ လူနေမှုဘဝကို မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း၊ ၎င်း၏မှတ်တမ်းဓာတ်ပုံများမှ စိတ်ဝင်စားဖွယ်အကောင်းဆုံးဓာတ်ပုံ ၁၇၀ ကို စုစည်း၍ Daybreak in Myanmar အမည်ဖြင့် ၂၀၁၄ စက်တင်ဘာက ဓာတ်ပုံစာအုပ်ထုတ်ဝေခဲ့ကြောင်း၊ Geoffrey Hiller ၏ လက်ရာများကို Geo Newsweek, Mother Jones နှင့် The New York Times မဂ္ဂဇင်းတို့တွင်လည်း ဖော်ပြခြင်းခံခဲ့ရကြောင်းနှင့် ၎င်း၏အကြောင်းကို အသေးစိတ်သိရှိလိုပါက www.hillerphoto.com တွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

တင်လှမောင်

၁၉၆၉ ခုနှစ်၊ U.T.C ကျောင်းသားများ၏ စတုတ္ထအကြိမ် တွေ့ဆုံပွဲဖိတ်ကြားခြင်း

အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် ရန်ကုန်သို့ ၁၉၆၉ခုနှစ် ဝင်ရောက်ခဲ့ကြသော သူငယ်ချင်းများ၏ စတုတ္ထအကြိမ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်ရက် - ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ညနေ ၅ နာရီ
ကျင်းပမည့်နေရာ - "တော်ဝင်နှင်းဆီ"အဆင့်မြင့်စားသောက်ဆိုင် ၂၂၁/၂၂၃၊ ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် - ကျော်ဇေယျ ဖုန်း-၀၉-၅၀၀၇၈၄၉၊ စိုးညွန့်(တော်ဝင်နှင်းဆီ) ဖုန်း-၀၉-၅၀၁၃၆၂၃၊ ၀၁-၅၄၂၇၁၉၊ ၀၁-၅၄၂၇၂၀၊ ဇော်ယု ဖုန်း-၀၉-၅၅၀၅၀၈၄၊ ၀၁-၅၀၁၉၂၉၊ ထွန်းဝင်း ဖုန်း-၀၉-၅၁၂၉၀၅၂၊ အောင်ငွေး ဖုန်း-၀၉-၇၃၁၇၂၃၉၆

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင် မမေသူတိုး(ခ)အီတိုး၊ အသက် (၁၀)နှစ် (ဘ) ဦးတိုးဝင်း ဗမာ/ဗုဒ္ဓ၊ မှတ်ပုံတင်မရှိ၊ (၅)တန်းကျောင်းသူ အထက(၁)ဗဟန်းသည် ၉-၁-၂၀၁၅ ရက် ညနေ ၅း၃၀နာရီခန့်တွင် အခန်း(၃)၊လိုင်း(၂)၊ ယန္တယားရိပ်သာဝင်း၊ သဇင်ရုံလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်မှထွက်သွားပြီး ပြန်မလာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် အကြောင်းကြားသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

၁။ အမှတ်(၇၃၅)၊ သန္တာ(၁၇)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
၂။ အခန်း(၃)၊လိုင်း(၂)၊ယန္တရားရိပ်သာဝင်း၊ သဇင်ရုံလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၂၅၄၅၁၁၂၁၃၊ ၀၉-၂၅၄၅၄၃၅၉၉၊ ၀၉-၃၃၈၈၆၃၉၂၊ ၀၉-၄၄၈၀၁၃၇၉၆၊ ၀၉-၄၂၀၀၀၄၃၃၁

ချင်းတွင်းအသင်း(ရန်ကုန်)
(၆၉)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အခြားဂုဏ်ပြုဆုပေးပွဲ

နေ့ရက် - ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီအထိ
နေရာ - အနုတ္တရောပုရိသဒမ္မသာရထိဓမ္မာရုံ(ချင်းတွင်းအသင်းဓမ္မာရုံ)၊ စွယ်တော်မြတ်စေတီတော်ပရိဝုဏ်၊ မရမ်းကုန်းမြို့နယ်
ညှိ့ခံ - ထောပတ်ထမင်း၊ ရေခဲမုန့်
သတင်းပို့ရန် - အသက်(၈၀)အထက် သက်ကြီးအသင်းဝင်များ ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရသူများ၊ နိုင်ငံတော်မှပေးအပ်သော ထူးချွန်ဆုရအသင်းဝင်များသည် ၂၀-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ သတင်းပို့ပါရန်။
ဆက်သွယ်ရန် - ဦးဇော်ဝိတ် ဖုန်း-၀၉-၅၁၄၃၄၃၇၊ ဦးသိန်းလွင် ဖုန်း-၀၉-၅၀၀၂၃၆၃၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၄၇၈၈၃၊ ဦးညွန့်ဝေ ဖုန်း-၀၉-၃၃၂၂၀၆၃၊ ဒေါ်ကြူကြူ ဖုန်း-၀၁-၅၈၁၁၀၉
ဖိတ်ကြားခြင်း - အသင်းဝင်များ၊ ချင်းတွင်းနယ်ဖွား မိသားစုများအားလုံးကြွရောက်ချီးမြှင့်ပါရန်။

အမှုဆောင်အဖွဲ့

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်) အဌမတန်း(C)မှ မစုစုမွန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်သန်းညွန့် ဖြစ်ပါကြောင်း။

ဦးအောင်သန်းညွန့်
၁၀/မလမ(နိုင်)၁၃၅၄၄၉

တစ်ချက်တည်းဖြင့် ကျင်းဝင်

ဦးကျော်ဇေယျသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းငွေသော်တာတွင်း၌ ၆-၁-၂၀၁၅ ရက် ၀၇း၄၀ နာရီ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ (၁၂၈)ကိုက်အကွာမှ Titleist Pro V1 No.7 ဘောလုံးကို Taylor made Iron-8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးကျော်သီဟ၊ ဦးဇွဲနေဝင်း၊ ဦးထွန်းတောက်ဝင်းတို့ အတူကစားလျက်ရှိပါကြောင်း။

အမည်ပြောင်း

အေးသာယာမြို့သစ်၊ အထက(၂)၊ နဝမတန်း(က)မှ မပြည့်ပြည့်ဖြိုးအား မရှင်းသန့်ဖြူစင်ဟု ပြောင်းလဲခေါ်ပါရန်။

မရှင်းသန့်ဖြူစင်

အမည်ပြောင်း

အေးသာယာမြို့သစ်၊ အထက(၂)၊ နဝမတန်း (ခ)မှ မောင်ပြည့်ဖြိုးအောင်အား မောင်ရှင်းသန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှင်းသန့်ကို

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အလက(၂) အဌမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ဇင်မော်ကွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၉/မထလ(နိုင်)၂၀၁၇၆၃ ဖြစ်ပါကြောင်း။

ဦးထွန်းလွင် ၉/မထလ(နိုင်)၂၀၁၇၆၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၃၅၈၁ ယာဉ်လက်ဝယ်ရှိသူ ဦးလွှန်း ၁၀/ပမန(နိုင်)၀၇၅၇၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

နှစ်ပေါင်း ၁၄၀ ခန့်ရှိ ရှေးဟောင်းကံသာဇရပ်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရန် စေတနာရှင်များလိုအပ်

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တိုင်းသည် ရှေးပဝေသဏီကပင် ကုသိုလ်ကောင်းမှုဖြစ်သော ဘုရား၊ တန်ဆောင်း၊ ဇရပ်၊ ကျောင်းဟူသော အရိပ်ရအေးမြစေမည့် အဆောက်အအုံ၊ စေတီပုထိုးများကို ဆောက်လုပ်လှူဒါန်းခဲ့ကြရာ ဆားလင်းကြီးမြို့နယ် ကံသာကျေးရွာရှိ ကံသာဇရပ်ကြီးသည် ယခုအချိန်အထိ လူတိုင်းပါးစပ်ဖျားတွင် စွဲထင်ကျန်နေသေးသည်။

စာရေးသူတို့ ဆားလင်းကြီးမြို့နယ်သူ မြို့နယ်သားမှန်လျှင် ကံသာဇရပ်ကြီးကို မသိသူမရှိလောက်အောင်ပင် စာရေးသူတို့ ငယ်စဉ်က ပြောစမှတ်ဖြစ်စေသော စကားလေးကိုမှတ်မိပါသေးသည်။ တစ်ဦးနှင့်တစ်ဦး၊ မိတ်ဆွေအပေါင်းအသင်း အချင်းချင်း သာရေး၊ နာရေးပွဲနှင့် အခြားတစ်နေရာသို့ရောက်ရှိကြသော် နှုတ်ဆက်စကားဖြင့် ခေါ်ကြပြောကြဖြင့် ခေါ်ထူးခဲ့ကြသည့် ထုံးစံရှိခဲ့ကြသည်။ အကြောင်းတစ်ခုခုကြောင့် တစ်ဦးတစ်ယောက် နှုတ်ဆက်သည်ကို အခြားတစ်ဦးက မသိလျှင်ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ပြန်လည်ပြောဆိုခဲ့ခြင်းမရှိပါက "အသားကြီးလိုက်တာအေ/ဗျာ၊ ကံသာဇရပ်ကျနေတာပဲ"ဟူသော စကားအသုံးအနှုန်းပေါ်ပေါက်ခဲ့ဖူးပါသည်။

စာရေးသူသည် အလုပ်ကိစ္စတစ်ခုဖြင့် ၎င်း ကံသာရွာနားက ဖြတ်သွားမိစဉ် ကံသာဇရပ်ကြီး၏ ပျက်စီးယိုယွင်းစပြုလာသည်ကို တွေ့မြင်ခဲ့ရလေသည်။ ပျက်စီးယိုယွင်းလာသော ကံသာဇရပ်ကြီး၏ ဖြစ်တည်လာပုံ အကြောင်းအရင်းကို ကံသာရွာမှ ဦးကြီးတစ်ဦးအား မေးမြန်းကြည့်ရာ အဆိုပါဒေသခံရွာသား ဦးကြီးက ဤသို့ ရှင်းပြသည်။

ကံသာဇရပ်ကြီး၏ ထုပ်၊ လျှောက်တို့တွင် "သပြေဇမ္ဗူ ကျွန်းငူလက်ယာ၊ ဗွေချာချက်မ မန်းဌာန၏၊ မဇ္ဈိမဂေါယာ၊ နောက်မျက်နှာဝယ်၊ သလ္လာပတ်ဝိုက်၊ ဗန့်ကျီတိုက်ဟု၊ သမိုင်းတွင်ဝင်၊ ဆလင်းဂါမ၊ ဒေသဆံတန်း၊ အံ့မခန်းတွင်၊ လှူရှင်တို့မှ၊ ပြောသမပြီး၊ ချီး၍မကုန်"ဟု (ယခင်က သတ်ပုံများအတိုင်း ကူးယူထားပါကြောင်း) ရေးထိုးထားသည့်အပြင် မန္တလေး ရတနာပုံနေပြည်တော်၏ အနောက်ဘက်ဆီ၊ သလ္လာဝတီခေါ် ချင်းတွင်းမြစ်ရေ ရစ်ခွေစီးသည့် ဗန့်ကျီ တိုက်နယ်ကိုလည်း ဖော်ပြထားသည်။

တစ်ချိန်က ကန့်နီတိုက် (ကနီ)၊ ဗန့်ကျီတိုက်(ဗကျီ)၊ ပုခန်း(ပခန်း)တို့၏ ကျယ်ပြောလှသော အလှတို့ကိုလည်း ရေးဖွဲ့ထားသည်။

ဆက်လက်ရေးသားထားသည်မှာ "ဂုဏ်တေဇာလင်း၊ မွဲမင်တဌိတ်၊ နှိုက်သညာတည်၊ နာမည်ပွဲဆောင်၊ ဦးရွှေတောင်နှင့် ရခေါင်ပဌမ၊ ဘဝရေစက်၊ စုံဘက် တူညီ၊ မယ်လှီဘရိယ၊ ပုတ္တရည်ရွှန်း၊ ကိုထွန်းတဝေ၊ သက်ဝေလှဲ့ဖြာ၊ အံ့ရာ မကု၊ ခုဗန်းနွယ်၊ မကြီးမယ်တို့၊ ပျော်ဖွယ်မပြီး၊ ချီး၍မကုန်၊ လုံးစပစ္စယ၊ ကြွယ်ဝချမ်းသာ၊ လှူဒါန်းကုသိုလ်၊ စာရင်းဆိုက၊ ပရပုတ္တ၊ သာသနာ့မွေ၊ ခံပေတဝ၊ ဥဒကရေတွင်း၊ ခင်းသည့်တံတား၊ များပြားစွာလှ၊ အမြွက်ပြ၍"ဟု ရေးသားထားရာ ဇရပ်ဒါယကာမှာ ဦးရွှေတောင်၊ ဒေါ်မယ်လှီနှင့် သား ကိုထွန်းနှင့် မကြီးမယ်တို့ မိသားစုဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဦးရွှေတောင်မိသားစုက ဤကံသာဇရပ်ကြီးကို တည်ဆောက်ခဲ့သည့်အပြင် သာသနာ့အမွေဖြစ်သော ရှင်ပြုခြင်း၊ ရေတွင်းတူးခြင်း၊ တံတားခင်းခြင်းတို့ကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်ဟု ဆိုလေသည်။

ယင်းကံသာဇရပ်ကြီးကို ၁၂၃၆ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၁၄၀ ခန့်ရှိသော ရှေးဟောင်းဇရပ်ကြီးတစ်ခုဖြစ်သည်။ လူတစ်ဖက်မမီသည့် ကြီးမားသော ဇရပ်တိုင်ကြီးများ နှင့် ကြီးမားလှသော ထုပ်တန်း၊ လျှောက်တန်း၊ ရက်မပြား၊ ခါးပန်းပြားကြီးများကိုလည်း တွေ့ရှိရသည်။ ကျွန်းသားများဖြင့် ဆောက်လုပ်ထား၍ ခိုင်ခံ့လှသည့် ကံသာဇရပ်ကြီးသည် အလျား ၄၈ ပေ၊ အနံ ၂၂ ပေ၊ ကျွန်းတိုင်ကြီးတစ်တိုင်လျှင် လုံးပတ် ၅၄ လက်မရှိသော ကျွန်းတိုင်ကြီး ၁၈ လုံး၊ တစ်ပေပတ်လည် ထုပ်ကြီး ခုနစ်ချောင်း၊ သစ်သားပြားအချပ် ၄၇ ချောင်း၊ ဇရပ်ကြီး၏ ကွပ်ပျစ်အကျယ် ၃၃၆ ပေရှိကြောင်း သိရသည်။

ရှေးယခင်က ကံသာဇရပ်၏အောက်မှ ဝင်ထွက်သွားလာသော အခါ ပေါင်းမိုးလှည်းဖြတ်သွားပါက လွတ်လွတ်ကျွတ်ကျွတ် မောင်းနှင်နိုင်ပါကြောင်း၊ အချို့ကလည်း မြင်းစီး၍ပင် ဇရပ်ကြီးအောက်က ဖြတ်သန်းသွားလာခဲ့ကြကြောင်း ပြောဆိုသံများကိုလည်း ကြားသိခဲ့ရသည်။

ယခုအခါ မြေကြီးများ မြင့်တက်လာခြင်း၊ ဇရပ်တိုင်ကြီးများနှင့် ဇရပ်ကြီး၏ ဝန်အားတို့ကြောင့် မြေကြီးအတွင်းသို့ တိုင်များကျွံ၍ နိမ့်ဝင်နေလျက်ရှိနေလေသည်။ ဆားလင်းကြီးမြို့နယ်မှ ဒေသထွက်ကုန်များနှင့် ရေစကြိုမြို့နယ်မှ ဒေသထွက်ကုန်များ ရောင်းဝယ်ရန် သွားလာကြသောအခါ ယင်းကံသာဇရပ်ကြီးသည် ခရီးတစ်ထောက်နားခိုရာနေရာ ဖြစ်ခဲ့ကြောင်းလည်း အသက် ၈၀ ကျော် အဘိုးတစ်ဦးက စာရေးသူအား ပြောပြသည်။

သို့ဖြစ်၍ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သော ကံသာဇရပ်ကြီးကို ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အလို့ငှာ အလှူရှင် စေတနာရှင်များလိုအပ်နေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

စာသင်ကြားမှုအဆင်ပြေရေး ကျောင်းသားဦးရေနှင့် ကျောင်းအဆောက်အအုံ ညီမျှစေချင်

မိုးညို ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့ မြို့မရပ်ကွက် အလယ်တန်းကျောင်း (ခွဲ) တွင်ကျောင်းသားကျောင်းသူဦးရေနှင့် အဆောက်အအုံ အကျယ်အဝန်းတို့မှာ မျှတမှုမရှိ၍ သင်ကြားရေးတွင် အခက်အခဲများ တွေ့ကြုံနေရသည်။

မြို့မ အလယ်တန်းကျောင်း(ခွဲ)မှာ အလျား ပေ ၁၂၀ နှင့် အနံ ပေ ၃၀ ရှိသည်။ သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူဦးရေမှာ ၂၀၃ ဦးရှိပြီး ဒုတိယတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၁၄၈ ဦးမှာ ခန်းမကြီးအတွင်း ပညာသင်ကြားနေရသည်ဖြစ်၍ သင်ကြားသူ ဆရာ ဆရာမများအသံနှင့် သင်ယူမှုခံယူသူ ကျောင်းသား ကျောင်းသူများ၏ အသံများ ရောထွေးနေ၍ ကျောင်းသားကျောင်းသူများမှာ အာရုံစိုက် စိတ်ဝင်စားမှု အားနည်းလျက်ရှိနေသည်။

သူငယ်တန်းနှင့် ပထမတန်း ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့မှာ ရပ်ကွက် တနင်္ဂနွေဆွမ်းလောင်းဓမ္မာရုံတွင် ပညာသင်ကြားနေရသည်။ မူကြိုကျောင်းသား ၃၉ ဦးမှာ ယာယီအဆောက်အအုံတွင် ပညာသင်ကြားလျက်ရှိသောကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အမီ ကျောင်းသားအင်အားနှင့်အညီ အခန်းဖွဲ့စည်းပေးလျှင် အဆင်ပြေနိုင်ကြောင်း ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ပြောကြားကြောင်း သိရသည်။

ခင်လတ်(မိုးညို)

ရေစကြိုမြို့နယ် အညာတောကျေးရွာတွင် ကျေးရွာသောက်သုံးရေကန် ပြန်လည်တူးဖော်

ရေစကြို ဇန်နဝါရီ ၁၄

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဆားလင်းကုန်းကျေးရွာအုပ်စု အညာတောကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကျေးရွာသောက်သုံးရေကန် ပြန်လည်တူးဖော်ခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးကူညီဆောင်ရွက်မှုဖြင့် မြို့နယ်ကြက်ခြေနီအသင်းနှင့် အညာတော ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းလုပ်အားဖြင့် ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာသောက်သုံးရေကန် ကို လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်က အညာတောကျေးရွာရှိ ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင် ဆရာတော် ဦးနန္ဒဝံသက ကျေးရွာအတွက် သောက်ရေနှင့်သုံးရေဟူ၍ ရေကန်နှစ်ကန်ကို မြေသားပေါင်တစ်ခုသာခြား၍ တူးဖော် တည်ဆောက်ပေးခဲ့သည်ဟု သိရသည်။ ယခုအချိန်တွင် ရွာထဲ၌ ရေတွင်းများ တူးဖော်ရရှိနိုင်သော်လည်း ရေငန်များသာထွက်သဖြင့် သောက်ရေ တူးဖော်မရရှိနိုင်သောကြောင့် ရေကန် နှစ်ခုကိုတစ်ခုတည်းဖြစ်အောင်တူးယူကာ သောက်ရေကန်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်ဟုသိရသည်။ ကန်နှစ်ကန်ပေါင်း၏ ဧရိယာအကျယ်မှာ ပေ ၄၀၀ ပတ်လည်ရှိသည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)

အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)၏ ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ် မြဇရာခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း ၃၀-၁-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း ၃၁-၁-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ

ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

(က) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(၁/၂၀၁၃) (နောက်ဆက်တွဲ) ဘွဲ့ရစာမေးပွဲ အောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(၁/၂၀၁၄) (ပုံမှန်) ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ကျန်ရှိသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ်(၁½×၂)လက်မ ဓာတ်ပုံသုံးပုံပူးတွဲလျက် ၁-၁-၂၀၁၅ ရက်မှ ၂၂-၁-၂၀၁၅ ရက်အတွင်း တင်သွင်းကြရမည်။

ခင်မြတ်မွန်
မော်ကွန်းထိန်း
အခြေခံကျန်းမာရေးတက္ကသိုလ်

ပျောက်ဆုံး

ကျွန်တော်မောင်ရဲမင်းစိုး ၁၂/မရက(နိုင်)၀၆၁၉၀၃၏ MTSH အစုရှယ်ယာသက်သေခံလက်မှတ် Shares Certificate မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၇၃၂၀၇**

သတ္တမအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းသားများ
ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းကို ၂၀၁၅ ခုနှစ် မတ်လ ၃ ရက်မှစတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ပါအချက်အလက်များနှင့် အကျုံးဝင်သူ မသန်စွမ်းလူငယ်များ မည်သူမဆို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

သင်တန်းလျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များ

- အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- ဘဝတူမသန်စွမ်းသူများအရေး တက်ကြွစွာသယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။ (ဥပမာ-တီဘီ)
- မိမိ၏ နိစ္စဓူဝကိစ္စများကို ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- သင်တန်းကာလမှာ ၃ ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းမှ ပံ့ပိုးပေးမည့်အစီအစဉ်များ

- အသွားအပြန်ခရီးစရိတ်၊ စားသောက်စရိတ်၊ နေထိုင်စရိတ်နှင့် သင်တန်းစရိတ်များကို အဖွဲ့မှ အကုန်ကျခံပေးမည်။

(မှတ်ချက် ။ ။သင်တန်းလျှောက်လွှာများအား နှစ်ပတ်လည်လက်ခံပေးနေပါသည်။ ယခု သတ္တမအကြိမ်(၇ကြိမ်)မြောက်အတွက် လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်မှာ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် ညနေ ၄း၃၀ နာရီဖြစ်ပါသည်။ ထိုအချိန် နေ့ရက်ကျော်လွန်၍ ရောက်ရှိလာသော သင်တန်းလျှောက်လွှာများအား ယခု သတ္တမအကြိမ် သင်တန်းအတွက် လက်ခံမည်မဟုတ်ပါ။)

သင်တန်းလျှောက်လွှာရယူရန်နှင့် အသေးစိတ်အချက်အလက်များစုံစမ်းရန်

အမှတ် ၁၇/၁၉၊ သာယာအေးလမ်း၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရဲရန်အောင်မှတ်တိုင်အနီး၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၄၅၀၀၆၇၂၄၇၊ ၀၉-၃၁၅၈၀၄၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Flexible Joint (၁) လုံး

(ခ) Dismantle Joint (၃) လုံး

(ဂ) Butterfly Valve (၃၇) လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၁-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၁၃၇၈၁၊ ထော်လာဂျီ/လယ်ယာသုံးထရပ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ချို ၁၀/ခဆန(နိုင်)၀၈၀၁၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၁၂၀၈၅၊ Honda Wave NF 110 ယာဉ်လက်ဝယ်ရှိသူ ဦးစန္ဒိမာ ၉/မထလ(သ)၀၀၃၃၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြေအသုံးချမှု မူဝါဒသုံးသပ်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၄

မြေအသုံးချမှုမူဝါဒ သုံးသပ်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။ (ယာပုံ)

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြေအရင်းအမြစ် စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာ ရှုထောင့်စုံမှ သုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့် မူဝါဒ၊ ခိုင်မာသည့် ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသည့် မြေစီမံအုပ်ချုပ်ရေး စနစ်များကို ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ရန် လွန်စွာအရေးကြီးကြောင်း၊ မြေသယံဇာတတွေကို မျှမျှတတနှင့် အကျိုးဖြစ်ထွန်းစွာ အသုံးချနိုင်ရေး၊ ပြည်သူလူထု၏ ပိုင်ဆိုင်ခွင့်၊ ရပိုင်ခွင့်များကို ဥပဒေအကြောင်းအရ အကာအကွယ်ပေးရေးနှင့် ထိရောက်သည့် မြေယာစီမံခန့်ခွဲ အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေးတို့ကို အခြေခံ စဉ်းစားရမည်ဖြစ်ကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၈ ဦးပါဝင်သည့် မြေအသုံးချမှုမူဝါဒသုံးသပ်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လုပ်ငန်းတာဝန် (၁၆)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိရေးဆွဲပြုစုထားသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ(ပဉ္စမမူကြမ်း)ကို ၂၀၁၄ ခုနှစ်နိုဝင်ဘာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျင်းပခဲ့သော အများပြည်သူထံမှ အကြံပြုချက်ရယူသည့်အချက်များအပေါ် မူတည်ပြီး ပြင်ဆင်ဖြည့်စွက်ပြုစုခြင်း၊ မြေအသုံးချမှုမူဝါဒသုံးသပ်ရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူပညာရှင်များကို ဖိတ်ကြားပြီး ကျွမ်းကျင်သူများ စားပွဲဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပခြင်းမှရရှိလာသည့် အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ကို မြေအသုံးချမှု မူဝါဒသုံးသပ်ရေး လုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြပြီး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာမည့် ရလဒ်များနှင့် အကြံပြုချက်များအပေါ်မူတည်၍ မူဝါဒ(မူကြမ်း)အား ထပ်မံဖြည့်စွက်၊ တည်းဖြတ်ပြင်ဆင်ခြင်းနှင့် မြေအသုံးချမှု မူဝါဒသုံးသပ်ရေး လုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ကျွမ်းကျင်ရာ အပိုင်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာညီညီကျော်က အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စလင်းအထက်တန်းကျောင်း၌ အောင်ချက်မြင့်မားရေးပို့ချ

စလင်း ဇန်နဝါရီ ၁၄

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထက်တန်းကျောင်းတွင် ဇန်နဝါရီ ၁၁ ရက်က တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် ဟောပြောပို့ချမှု ပြုလုပ်ခဲ့သည်။

အဆိုပါပို့ချမှုကို မကွေးတက္ကသိုလ်မှ ဒေါက်တာ အေးအေးသန်း အပါအဝင် ဆရာ ဆရာမကြီးကိုးဦးက ပို့ချပြီး စလင်းအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်း၏ စီစဉ်မှုဖြင့် စလင်းမြို့နယ် ကျောင်းလေးကျောင်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၇၅၀ တက်ရောက်ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)

သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် ရေတွင်းတူးဖော်

ငါန်းဇွန် ဇန်နဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသဖြစ်သဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရန် ခက်ခဲသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက သန့်ရှင်းသောသောက်သုံးရေကို ပြည်သူများအသုံးပြုနိုင်ရန် ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအနက်မှ မြင်သာကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်သာကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၆၀၀ ရှိ လေးလက်မ စက်ရေတွင်းကို တူးဖော်ပေးခဲ့ပြီး တစ်မြို့နယ်လုံး သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်အောင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

သတင်းတို

ဖမ်းဆီးနည်း ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂) ၌ ဖမ်းဆီးနည်း (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၃/၂၀၁၅) ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်၊ ဦးစီးအရာရှိ(ပထမတန်း) ဒုရဲမှူးကြီး မင်းဇော်ဦး၊ မူးယစ်တပ်ဖွဲ့ခွဲ(၃)မှ တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ EUမှ Mr. Friedrich Schwindt နှင့် Mr. Everett Summerfield၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ ဒုတိယဌာနခွဲမှူးများ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

အပတ်စဉ်(၄၄) စည်သူတပ်ခွဲ(၁၉၇၂)

ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ ကျောင်းဆင်းသူငယ်ချင်းများ- ဒို့တစ်တွေ ကျောင်းဆင်းခဲ့တာ ၂၀၁၆ခုနှစ်မှာ (၄၄) နှစ်ပြည့်တော့မည်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မတိုင်ခင် ၂၀၁၅ ခုနှစ်ထဲမှာ အမှတ်တရ ကြိုတင်ပြန်လည်တွေ့ဆုံကြရအောင် အားလုံးကို ဖိတ်ခေါ်ပါတယ်။ အောက်ဖော်ပြပါလိပ်စာကို ဆက်သွယ်ပေးပါ။

ဦးဇော်ဝိတ် ဖုန်း-၀၉-၅၁၄၃၄၃၇
ဦးသန်းဝင်း ဖုန်း-၀၉-၄၅၀၀၅၃၃၆၁
ဦးအေးမောက် ဖုန်း-၀၉-၂၅၃၀၆၅၆၈

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၁၄၁ ဆ၊ ဧရိယာ ၀ဒသမ ၀၁၄ ဧကရှိ ဒေါ်စန်းစန်းအေး (ပါ-၂) အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန်းစန်းအေး (ပါ-၂) ၉/မထလ(နိုင်)၁၃၆၅၁၆ (ဘ)ဦးစိန်ကံမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မိတ္ထီလာမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကေဒသမအကြိမ်မြောက် ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (၁၉၅၇-၂၀၁၅) ကေဒသမအကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂) ရတနာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသက်(၆၀)ပြည့်၍ အငြိမ်းစားယူသွားကြသည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် အငြိမ်းစားဆရာကြီး ဆရာမကြီး(၁၅၆)ဦးအား ကာယကံမြောက် ဂုဏ်ပြုပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေး ရပ်နီးမှ ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အောက်ပါအမည်နှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။	ဗိုလ်မှူးကြီးမြသန်းထွန်း(နေပြည်တော်)	ဖုန်း-၀၉-၃၉၁၀၃၇၄၇
၂။	ဦးစောငွေး	ဖုန်း-၀၉-၂၂၀၀၄၁၃
၃။	ဒေါ်ခင်မာကြူ(ကျောင်းအုပ်ကြီး)	ဖုန်း-၀၆၄-၂၃၄၀၄၊ ၀၉-၄၇၁၀၂၃၀၇
၄။	ဦးစံတင်ဦး	ဖုန်း-၀၉-၄၀၂၇၉၁၉၆၄
၅။	ဦးဇော်ဦး-ဒေါ်မြင့်မြင့်သန်း	ဖုန်း-၀၉-၂၅၆၁၇၉၆၁၅
၆။	ဦးမြင့်လှိုင်	ဖုန်း-၀၉-၄၀၂၇၈၇၇၁၉
၇။	ဦးဝင်းမြင့်	ဖုန်း-၀၉-၂၀၀၉၁၉၄
၈။	ဦးသီဟဝေဠု(အတွင်းရေးမှူး)	ဖုန်း-၀၉-၃၃၂၁၇၇၄၂
၉။	ဦးလင်းကျော်စွာ-ဒေါ်ကြည်ကြည်မြင့် (ရန်ကုန်)	ဖုန်း-၀၉-၅၁၀၈၅၀၉
၁၀။	ဗိုလ်ကြီးဆန်းမောင်(ငြိမ်း)(မန္တလေး)	ဖုန်း-၀၉-၂၀၀၆၂၁၁
၁၁။	ဦးကျော်တင့်(ပညာရှင်ကိုယ်ပိုင် အထက်တန်းကျောင်း)	ဖုန်း-၀၉-၃၃၅၃၃၃၀၃
၁၂။	ဦးအောင်ဇော်မိုး(ထူးချွန်ဘော်ဒါ)	ဖုန်း-၀၆၄-၂၄၈၆၂
၁၃။	ကမ္ဘောဇဘဏ်(မိတ္ထီလာဘဏ်ခွဲ)	ငွေစာရင်းအမှတ်-၀၉-၂၁၂၂၀၀၂၉၈၅

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော်များ Myanmar Shwe Kyar Pan Trading Co.,Ltd. မှ ID No.A74223, A80022, A80023, A82879, 121914, 119688, 186775 သည် ပျောက်ဆုံးသွားပါသည်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၈၆၁၅၀**

(၁၉)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ကျင်းပမည်

နိုင်ငံလုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးကို သုံးနှစ်တစ်ကြိမ်ကျ ကျင်းပရန်ဟူသော ပထမအကြိမ် ရွှေကျင်ဂိုဏ်းသံဃာ့အစည်းအဝေးကြီး ပြဋ္ဌာန်းချက်အပိုင်း(ဂ)၊ ဒုတိယအစည်းအဝေးကြီး ပြဋ္ဌာန်းချက်အပိုင်း(၉)တို့အရ ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ဧကူနဝီသတိမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကို ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း (၈၊ ၉၊ ၁၀)ရက်၊ (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉)ရက်တို့၌ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဓမ္မဒူတဇေတဝန်တောရဆေးကိန္ဒာရာမကျောင်းတိုက်ကြီးအတွင်း၊ ဗုဒ္ဓသာသနာတော် တည်ထွန်းတိုးတက်ပြန့်ပွားရေးဆိုင်ရာကိစ္စများ၊ ရွှေကျင်နိကာယဆိုင်ရာ သာသနိကကိစ္စများကို ရွှေကျင်နိကာယသံဃာအပါး (၁၀၀၀)တို့က ညှိနှိုင်းဆွေးနွေးသုံးသပ်ဆုံးဖြတ် ဆောင်ရွက်တော်မူကြရန် ကျင်းပမည်ဖြစ်သည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် ၄ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅ ရန်အောင်၊ ဦးပိုင်အမှတ် ၈၉၊ ဧရိယာ ၀ဒသမ၀၇၄ဧကရှိ ဦးမြင့်အောင်အမည်ပေါက် အစိုးရမြေကွက်အား ဒေါ်စုမြတ်နွယ် (SP-571204) ရသူ ၉/လဝန(နိုင်)၁၅၂၀၆၁(ဘ)ဦးမြင့်အောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် (မြေပုံ/ရာဇဝင်)လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆အရှေ့)၊ မြေကွက်အမှတ် (၉၂၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၂၂/ခ)၊ အောင်သုခလမ်း၊ ၆ရပ်ကွက်၊ သာကေတမြို့နယ် (ဦးစောမောင်)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောမောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်မြင့် ၁၂/သကတ(နိုင်)၀၂၉၅၁၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၆၇၅/၂၀၁၄) ရသူ ဦးကျော် ၁၂/စခန(နိုင်)၀၃၉၃၁၈ မှ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၁၀၀၀)ဦး စာရင်း

ဇန်နဝါရီ ၁၃ စာမျက်နှာ ၂၁မှအဆက်

စဉ်	အခွန်ထမ်းအမည်	လိပ်စာ	တိုင်းဒေသကြီး/ပြည်နယ်	လုပ်ငန်းအမျိုးအစား	မှတ်ချက်
351	United Pacific Co.,Ltd.	အမှတ်(၈၆)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ ရွှေပြည်သာမြို့နယ်။	CCTO	Industries/ Production	
352	စွမ်းအားမြင့်ကုမ္ပဏီ	H-130 ပြည်ကြီးတံခွန်မြို့နယ်။	မန္တလေး	ပါဝါခာတ်ခဲထုတ်	
353	Naung Yoe Technologies Co.,Ltd.	အမှတ်-၇/ရတနာမွန်-၅လမ်း၊ လှိုင်မြို့နယ်။	CCTO	Services	
354	Tunn Star Co.,Ltd.	၂၁၆/၂၂၂(မြေညီထပ်)၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်။	CCTO	Trading	
355	Central Marketing Co.,Ltd.	အမှတ်-၂၁၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။	CCTO	Trading	
356	ဦးရန်နိုင်	ဇရပ်ကွင်းကျေးရွာ၊ လှည်းကူးမြို့နယ်။	ရန်ကုန်	တန်ပိုဂိတ်လုပ်ငန်း	
357	Business Promotion International Trading Co.,Ltd.	၁၂၅၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်။	CCTO	Trading	
358	Soil Energy Co.,Ltd.	၁၄၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။	CCTO	Trading	
359	Kaung Naing Kyaw Trading Co.,Ltd.	အမှတ်-၆၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်။	CCTO	Trading	
360	Lin Sandar Aung Co.,Ltd.	အမှတ်(၃၅၀/၃၅၄)၊ ၂/၃၊ အနော်ရထာလမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
361	Ko Ko Myint International Co.,Ltd.	အမှတ်(၆)၊ စကားဝါလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်။	CCTO	Trading	
362	San Kaung Industry Co.,Ltd.	အမှတ်(၁၀မှ၁၅)၊ ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။	CCTO	Industry	
363	Yang Brothers Industry Co.,Ltd.	အမှတ်(၅၆၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်။	CCTO	Production	
364	Shwe Pu Zun Co.,Ltd.	အမှတ်-၂၄၆/၂၄၈၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Production	
365	မထသအဝေးပြေး	အဝေးပြေးဝင်းမင်္ဂလာဒုံမြို့နယ်။	ရန်ကုန်	ကားဂိတ်	
366	Myanmar King Fish Co.,Ltd.	၄/၄၆၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေပြည်သာမြို့နယ်။	CCTO	Trading	
367	Triangle Trading Co.,Ltd.	၂၁/၂၃(စီ)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်။	CCTO	Trading	
368	Kyaw Nyunt Steel Trading Co.,Ltd.	အမှတ်(၁၁/၁၂)၊ အောင်ဆန်းကွင်းအရှေ့ဘက်၊ ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Trading	
369	Myanmar Soung Co.,Ltd.	၁၀၊ ရေတမာလမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
370	The Ocean Pearl Trading Co.,Ltd.	အမှတ်-၁၈/အေ/(ပ)ထပ်၊ ဒဂုံမြို့နယ်။	CCTO	Trading	
371	Pharmaceutical Product Co.,Ltd.	၁၅၁၊ လမ်း၅၀၊ ပုဇွန်တောင်မြို့နယ်။	CCTO	Industrial	
372	Thamadi Family Trading Co.,Ltd.	အမှတ်(၆၃)၊ ယုဇနလမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
373	Sea Lion Co.,Ltd.	အမှတ်(၁၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။	CCTO	Trading	
374	Yadanar Pyae Sone Engineering Co.,Ltd.	တိုက်(၃၁)၊ အခန်း(၁၁)၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ကင်းမြို့နယ်။	CCTO	Construction	
375	MTO Co.,Ltd.	အမှတ်၃၁၃၊ အင်ကြင်းမြိုင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။	CCTO	Trading	
376	Ziwaka Trading Co.,Ltd.	အမှတ်(၂၆၂/၂၈၆)၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
377	Than Lwin International Co.,Ltd.	အမှတ်(၁၀၃၃-က)၊ ပြည်လမ်း စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်။	CCTO	Trading	
378	Kan Lynn International Trading Co.,Ltd.	အမှတ်-၁၂၊ ၉လမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	
379	Delta World Trading Co.,Ltd.	၂၁/အေ၊ (၂၅)လမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
380	Master Key International Ltd.	၆၃၇/၆၃၅၊ (ဒုလ္လာ)၊ အခန်း(၂၀၄)၊ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
381	ကောင်းမြတ်ဟိန်းရောင်းဝယ်ရေးကုမ္ပဏီ	(၁၀၅)မိုင်၊ မူဆယ်မြို့	ရှမ်း	ပို့ကုန်/သွင်းကုန်လုပ်ငန်း	
382	သူရိယကုမ္ပဏီ	၇၁လမ်းနှင့် ၂၉လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်။	မန္တလေး	နန်းတော်ဆေးရုံ	
383	Myanmar Paper & Stationery Mark Co.,Ltd.	ဆရာရှင်းလမ်းနှင့် စက်ဆရာမောင်ထွန်းလမ်းထောင့်၊ လှိုင်မြို့နယ်။	CCTO	Trading	
384	Yan Kin Kyay Oh Groups of Co.,Ltd.	အမှတ်-၂၄/၂၆၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။	CCTO	Services	
385	Htet Lu Trading Co.,Ltd.	အမှတ်(၁၄၆/N)၊ ခေမာသီရိလမ်းမကြီး၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
386	Yadanar Kyaw Co.,Ltd.	အမှတ်(၂/၂)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။	CCTO	Trading	
387	FMI Syndication Ltd.	အမှတ်(၃၈၀)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Services	
388	Asia Light Co.,Ltd.	၆ အောင်ဆန်းကွင်းအရှေ့ဘက်တန်း၊ ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Trading	
389	ခင်ထွေး/ဦး+မြင့်မြင့်ရီ/ဒေါ်	၅၆၊ ရွှေဟသ်ာလမ်း၊ ၁၂ ရပ်ကွက်၊ လှိုင်မြို့နယ်။	ရန်ကုန်	ပစ္စည်း	
390	Australasia Marketing Trading Technology Co.,Ltd.	အမှတ်-(၁)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
391	Reach Co.,Ltd	၇၃-၇၆၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်။	CCTO	Trading	
392	ဦးအောင်သန်း	မင်းစု၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။	ကယား	ကန်ထရိုက်+သစ်စက်	
393	Best Winner Manufacturing	အမှတ်-(၆၆)၊ ဦးတရုတ်ကြီးလမ်း၊ လှိုင်သာယာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။	CCTO	Trading	
394	Silver Top Star Co.,Ltd.	အမှတ်(၂၁၉)၊ (၁၂)လမ်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
395	A.T Three Star Trading Co.,Ltd.	အမှတ်(၁၁)၊ ၄၅-၄၆၊ ၅၇-၅၈၊ ၇၃ လမ်းနှင့်၇၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်။	CCTO	Trading	
396	Lucky Dolphin Co.,Ltd.	၃၃၁(ဘီ)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံဝင်း၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
397	Diamond Dragon Co.,Ltd.	အမှတ်(၃၄)၊ ရေတမာလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်။	CCTO	Trading	
398	Pan Taing Construction Co.,Ltd.	အမှတ်၂၃၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	CCTO	Construction	
399	Pyai Sone Win Aung Co.,Ltd.	အမှတ်-၉၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ ဗဟန်းမြို့နယ်။	CCTO	Trading	
400	Manaw Thida Co.,Ltd.	၁၀၊ ရတနာမွန်(၃)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်။	CCTO	Trading	
401	Shaheen Co.,Ltd.	အမှတ်(၇၇/မြေညီထပ်)၊ ကုန်စျေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်။	CCTO	Trading	
402	Quality Food House Manufacturing Co.,Ltd.	အမှတ်၊ ၁၊ ၁၄/၁၅၊ ဦးဖိုးလှိုင်လမ်းနှင့် လှသီဂီလမ်းထောင့်၊ စက်မှုဇုန်(၃)၊ ရွှေပြည်သာမြို့နယ်။	CCTO	Trading	
403	Myanmar Millennium Group Services Co.,Ltd.	အမှတ်(၄/ဒီ)၊ မြေနီကုန်းပလာဇာ၊ စမ်းချောင်းမြို့နယ်။	CCTO	Services	
404	Maximum Trading Limited	၆၀(ပထပ်)၊ ၁၃လမ်း၊ လမ်းမတော်မြို့နယ်။	CCTO	Trading	

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားစာ

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၁၇-၁-၂၀၁၅ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်ရှိ UMFCCI (မင်္ဂလာခန်းမ)၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းသူအသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံစုံညီညီတက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ထားဝယ်မြို့၊ မြောင်းပုလဲရပ်၊ ကမြောကင်းလမ်းနေ ကျွန်မ ဒေါ်ဇင်မာဦး ၆/ထဝန(နိုင်)၀၇၂၀၈၄ နှင့် ဦးဇော်မင်းအောင် ၉/လလန(နိုင်)၀၅၉၅၅၀ တို့သည် ၃၁-၁၂-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မဇင်မာဦး

ရတနာမြိုင်ကုမ္ပဏီသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း(၃၄)ဘီ၊ မြေညီထပ်ကို လက်ရောက်ပိုင်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေဒေါ်တင်မေ ၁၂/စခန(နိုင်)၀၂၈၁၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရတနာမြိုင်ကုမ္ပဏီသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေပိုင်အခန်းကို အလွဲသုံးစားပြုလျက် ဒေါ်ခင်စန်းကြည်နှင့် ဦးအောင်တင်ဝင်းတို့သည် အခြားသူတစ်ဦးအား ရောင်းချထားခဲ့သည်ကို ရတနာမြိုင်ကုမ္ပဏီ၏ ဦးအောင်မြင့်မှ ထပ်မံဝယ်ယူရရှိထားကြောင်းသိရှိရ၍ ရတနာမြိုင်ကုမ္ပဏီ၏ဥက္ကဋ္ဌထံ ကျွန်ုပ်မိတ်ဆွေမှ ဖြေရှင်းပေးရန် စာပေးပို့၍လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း သွားရောက်အကြောင်းကြားသော်လည်း ဖြေရှင်းဆောင်ရွက်မှုများ မပြုပေးသည့်အပြင် ၇- ၁-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ-စာ ၂၂တွင်လည်း အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အထူးဂရုန်လျှောက်ထားခြင်းကို ကန့်ကွက်ရန်ကြေညာထားသည်ကို သိရှိရ၍ အထက်ဖော်ပြပါကျွန်ုပ်မိတ်ဆွေပိုင် (၃၄/ဘီ) မြေညီထပ်အခန်းနှင့်ပတ်သက်၍ ဖြေရှင်းမပြီးမချင်း မြေအမည်ပေါက်ဆောင်ရွက်ခြင်းနှင့်တကွ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်းများကို မပြုလုပ်ပါရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇) (တရားလွှတ်တော်ရှေ့နေ)
ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၂၅၄၂၁၄၄၂၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၂၉၅၅၀ Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမို့မို့ ၈/ပခက(နိုင်)၂၆၀၅၈၆ က (ကမ-၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ထက်ကောင်းမြင့်ဆွေ ၁၂/ဥကမ(နိုင်)၁၉၁၃၁၂သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ သူ၏သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် သူနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမျှ (လုံး၀)တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်ယဉ်ယဉ်မော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၃ (စက်မှုဇုန်)၊ မြေကွက်အမှတ် ၂၅၊ ဧရိယာ ၂ ဒသမ ၂၀၀ ဧကရှိ စက်မှုမြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေး ၁၂/ဗတထ(နိုင်) ၀၂၅၀၆၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ထွန်း (စဉ်-၃၅၅၇) ဒေါ်ကြည်ကြည်ဌေး (စဉ်-၂၃၆၇)
B.A (Law), LL.B B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့်ဌာနဖြစ်အောင် ကြိုးစားဆောင်ရွက်

မင်းထက်အောင်(မန်းကိုယ်ပွား)

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပြောင်းလဲလာသောခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန်၊ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် ဇန်နဝါရီ ၁၁ ရက်က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး- လက်ရှိအစိုးရသစ်လက်ထက်မှာ ဆရာတို့ဝန်ကြီးဌာနရဲ့ ပြည်သူ့အကျိုးအတွက် လုပ်ဆောင်ချက်တွေကို ပြောပြပေးပါ။

ဖြေ- လက်ရှိအစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကတော့ ပထမအချက်က မိုးပွင့်စီမံချက်တွေနဲ့ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့တာ မိုးပွင့်အဆင့်(၁)မှအဆင့်(၆)အထိ အိမ်ထောင်စုလူဦးရေစာရင်းပေါင်း ၅၉၉၁၆၅ စု၊ အဲဒီထဲကမှ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၃၉၆၈၇၉၄ ကတ်ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ မိုးပွင့်အဆင့်(၇)ကိုလည်း ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်ကစလို့ နိုင်ငံတစ်ဝန်းဆောင်ရွက်ပေးလျက်ရှိသလို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒုတိယအချက်က နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့၊ နိုင်ငံတော်ဝင်ငွေ တိုးတက်စေဖို့နဲ့ ပိုမိုလွယ်ကူတဲ့ ပြည်ဝင်စနစ်ဖြစ်မြောက်စေဖို့အတွက် ၂၀၁၂ ခုနှစ် ဇွန် ၁ ရက်ကစပြီးတော့ ဆိုက်ရောက်ဗီဇာ(visa on arrival)စနစ်ကို မြန်မာနိုင်ငံမှာ ပထမဦးဆုံးစတင်ဆောင်ရွက်ခဲ့ပါတယ်။ တတိယအချက်က ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်ကစလို့ Tourist visa ကို ကမ္ဘာတစ်ဝန်းမှ online ကနေ လျှောက်ထားပြီး ငွေပေးချေတဲ့စနစ်ဖြစ်တဲ့ e-visa စနစ်ကို စတင်ခဲ့ရာမှာ အခုချိန်ဆို နိုင်ငံပေါင်း ၆၇ နိုင်ငံကို ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ စတုတ္ထအချက်က မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်လျက်ရှိတဲ့ နှစ်နိုင်ငံ နယ်စပ်တွေမှာ ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တွေနဲ့ နယ်စပ်ဒေသမြို့တွေကိုသာ ဝင်/ထွက်သွားလာခွင့်ပြုခဲ့ရာမှာ ထိုင်းနိုင်ငံနဲ့ထိစပ်နေတဲ့ တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းတို့အပြင် ထီးခီး-ဖူနာရွန် နယ်စပ်ဝင်/ထွက်ပေါက်ကိုပါ တိုးချဲ့ပြီး နယ်စပ် ဝင်/ထွက်ပေါက်အဆင့်မှ နိုင်ငံကူးလက်မှတ်တရားဝင် ပြည်ဝင်ဗီဇာတွေနဲ့ ခွင့်ပြုပေးတဲ့ နိုင်ငံတကာ ဝင်/ထွက်ပေါက်တွေနဲ့ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်ကစလို့ အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ပဉ္စမအချက်က ၂၀၁၃ ခုနှစ် မတ် ၁၅ ရက်မှစလို့ ပြည်ထွက်စနစ်တွေမှာ အခက်အခဲဖြစ်ပေါ်လျက်ရှိတဲ့ ပြည်ပထွက်ခွာခွင့်ပုံစံ (D Form)ကို ဖျက်သိမ်းပြီး ဝင်/ထွက်မှုစနစ် လွယ်ကူစေဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆဋ္ဌမအချက်က မြန်မာနိုင်ငံသားဟောင်းတွေကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့နဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့တာဆိုရင် နိုင်ငံသားအဖြစ် ပြန်လည်ခံယူဖို့လျှောက်ထားသူ ၁၆၄ ဦးရှိတဲ့အထဲမှာ ၁၂၂ ဦးကို ခွင့်ပြုပြီး ဖြစ်ပါတယ်။ ကျန်တဲ့သူတွေကိုလည်း လိုအပ်ချက်အတိုင်း ဆက်လက်စိစစ်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ သတ္တမအချက်ကတော့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်ကစပြီး မြန်မာနိုင်ငံမှာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်(Permanent Resindence-PR)လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဒီနှစ်ထဲမှာလည်း အခြားလုပ်ငန်းစဉ်တွေဖြစ်တဲ့ မွေးဖွားမှုနဲ့သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတွေ၊ မြန်မာနိုင်ငံသား ဟုတ်၊ မဟုတ် စိစစ်မှုတွေအပြင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် ဘယ်လိုစီမံချက်တွေ ချမှတ်ဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ- မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မိုးပွင့်စီမံချက်တွေကိုဆောင်ရွက်ပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးခဲ့ပါတယ်။ နောက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကြီးကိုလည်း တစ်နိုင်ငံလုံးမှာ အောင်မြင်စွာကောက်ယူနိုင်အောင် စီမံချက်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေး- ဆောင်ရွက်ချက်တွေအပေါ်မှာထားရှိတဲ့ ရည်ရွယ်ချက်တွေကိုလည်း သိပါရစေ။

ဖြေ- ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပြည်သူလူထုအချိန်ကုန်၊ ငွေကုန်သက်သာစေဖို့နဲ့ ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ရုံးပိတ်ရက်တွေပါမကျန် မနားမနေဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။

မေး- ၂၀၁၅ ရွေးကောက်ပွဲအတွက် ဘယ်လိုပြင်ဆင်မှုတွေ ပြုလုပ်ထားပါသလဲ။

ဖြေ- သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့် ရွေးကောက်ပွဲကော်မရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသူတွေကိုလည်း အချိန်မီရရှိနိုင်ရေးအတွက် မိုးပွင့်အထူးစီမံချက်နဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မေး- လုပ်ဆောင်ခဲ့ပြီးတဲ့ လုပ်ငန်းတွေအပေါ်မှာ အောင်မြင်မှုနဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါ။

ဖြေ- ဘယ်လုပ်ငန်းမဆို အခက်အခဲဆိုတာရှိတာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းများရဲ့ ကြိုးစားအားထုတ်မှု၊ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေကြောင့် အခက်အခဲအားလုံးကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါတယ်။

မေး- ဆက်လက်ဆောင်ရွက်မယ့် စီမံချက်တွေရှိရင်လည်း ပြောပြပေးပါ။

ဖြေ- တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ မိုးပွင့်အထူးစီမံချက်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလကနေ ဇွန်လအထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ကတော့ e-File Management System ကို စတင်ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ဝန်ထမ်းတွေ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုရှိစေဖို့အတွက် သင်တန်းတွေဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဆိုလိုတာကတော့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံမှာရှိတဲ့ အချက်အလက်တွေကို Computer software အတွင်းမှာရေးသွင်းပြီး အသက် ၁၀ နှစ်နဲ့ ၁၈ နှစ်ပြည့်မယ့်သူတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ဆောင်ရွက်ဖို့ အိမ်တိုင်ရာရောက်အကြောင်းကြားတဲ့စနစ်ဖြစ်ပါတယ်။ ဝန်ထမ်းတွေ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုရှိစေဖို့အတွက်ကိုတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ Amarapura Partnership အဖွဲ့၊ Horizon International School တို့နဲ့ ပူးပေါင်းပြီးတော့ Native Speaker တွေနဲ့ သင်တန်းကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

မေး- ဆရာတို့ ဌာနကိုယ်စားပြောကြားလိုတဲ့စကားတွေရှိရင် ပြောပြပေးပါခင်ဗျာ။

ဖြေ- ဟုတ်ကဲ့ရှိပါတယ်။ လဝကဆိုတာ နိုင်ငံတကာမှာ အရေးပါတဲ့ဌာနတစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ လဝကတွေနဲ့ရင်ပေါင်တန်းနိုင်တဲ့ဝန်ထမ်းတွေဖြစ်အောင်ဆောင်ရွက်ပြီး ပြောင်းလဲလာတဲ့ ခေတ်စနစ်တွေနဲ့အညီ ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်တဲ့ ဌာနတစ်ခုဖြစ်အောင် ကြိုးစားဆောင်ရွက်သွားပါ့မယ်။ ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ပတ်သက်တဲ့အကြောင်းအရာတွေနဲ့ သိလိုတာတွေများရှိခဲ့ရင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးလဝကရုံးများမှာ ဆက်သွယ်မေးမြန်းနိုင်ပါတယ်လို့ ပြောကြားလိုပါတယ်။ ။

ဖြူးမြို့ အထက(၂) (ယခင်အုတ်ဖြတ်လမ်း အလယ်တန်းကျောင်း) (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဖြူးမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင်အုတ်ဖြတ်လမ်းအလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၉၈ ဦးတို့အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (စနေနေ့) ညနေ ၆ နာရီတွင် ဖြူး အထက(၂) ဘုရင့်နောင်ခန်းမ၌ မိတ်ဆုံညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အောင်ဆန်းခန်းမ၌ ကျောင်းသား ကျောင်းသူဟောင်းများမှ ဂါရဝပူဇာများဖြင့်လည်းကောင်း၊ ကံစမ်းမဲများဖြင့်လည်းကောင်း ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး(နှစ်အကန့်အသတ်မရှိ) စုံညီစွာ တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။	ဒေါက်တာခင်မောင်မြင့်ကျော်(ဖိုးလမင်း-ဆေးခန်း)	ဖုန်း-၀၉-၈၆၆၆၁၁၅
၂။	ဦးကြည်ထွေး(ဖြူး-ဗိုလ်လရောင်ထီဆိုင်)	ဖုန်း-၀၉-၅၃၉၀၂၉၂
၃။	ဦးစိုးမြိုင်(ချန်ပီယံ-စက်ဘီးဆိုင်)	ဖုန်း-၀၉-၃၁၇၅၁၃၅၄
၄။	ဦးကျော်မင်း(ရှိုင်း-မော်တော်စတိုး)	ဖုန်း-၀၉-၅၃၅၀၃၇၅
၅။	ဦးထင်အောင်ကျော်(ဟန်သစ်ဆီဆိုင်)	ဖုန်း-၀၉-၄၃၀၃၃၈၆၁
၆။	ဒေါ်စန်းငွေအောင်(အထက-၂၊ ဖြူး)	ဖုန်း-၀၉-၄၂၈၁၇၄၈၇၇
၇။	ဒေါ်အေးအေးသန်း(ဆ·သ·ရ-ဖြူးစာတိုက်)	ဖုန်း-၀၉-၄၅၈၀၂၅၁၃၁
၈။	ကိုအောင်စိုးမိုး(အေးရိပ်စံ)(၁၉၉၄-၉၆)	ဖုန်း-၀၉-၄၅၀၀၄၉၄၃၃
၉။	ကိုသက်လှိုင်ဦး(ခ)ကိုသိမ်မွှေ့(၁၉၉၅-၉၉)	ဖုန်း-၀၉-၄၃၀၁၆၉၀၁
၁၀။	ကိုဇေဖြိုးသန့်(၂၀၀၀-၂၀၀၃)	ဖုန်း-၀၉-၄၂၈၁၂၉၄၄၅
၁၁။	ကိုရဲဝင့်ကျော်စိုး(ခ)ကေတု(၂၀၀၀-၂၀၀၃)	ဖုန်း-၀၉-၄၂၈၁၁၀၁၁၅
၁၂။	AGD Bank Account (ဖြူး-ဘဏ်ခွဲ)	No.3061220001861

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F-7097 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ် ၅၇တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၅စီ၁၊ မြေကွက်အမှတ် V Class 77 and Extra Strip adjacent to and North မြေပိုင်မြေအမျိုးအစား၊ Ismail Mohamed Madan အမည်ပေါက်မြေအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၇-၁-၂၀၁၃ ရက်စွဲပါ ဦးရှော်အေး(ဘ်)နှင့် အမွေကြောင်းသက်ဝင်သူများအား သက်ဆိုင်ရာ အမွေဆက်ခံခွင့် ဥပဒေနှင့်အညီတရားရုံး၏ ဆုံးဖြတ်ချက်အရ အမွေဆက်ခံခွင့်ရရှိမည့်သူအား အမွေဆက်ခံခွင့်ပြုသည့်အမိန့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀-၁၁-၂၀၁၄ ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာအမိန့်နှင့်အနိုင်ဒီကရီတို့ကိုတင်ပြ၍ ဦးရှော်အေး(ဘ်) ၁၂/ပဘတ(နိုင်)၀၂၂၈၁၅ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာပါသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂-၁-၂၀၁၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၂)၌ပါရှိသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၈၀)ဟုခေါ်သည့်နှစ်ခန်းတွဲရှစ်ထပ် (ဆောက်လုပ်နေဆဲ) ကန်ထရိုက်တိုက်မှ (၆ထပ်/ဘီဘက်ခြမ်း) စတုရန်းပေ ၁၀၀၀ အကျယ်အဝန်းရှိတိုက်ခန်းမှာ ပိုင်ရှင်ရှိပါကြောင်းကြော်ငြာနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို ကန်ထရိုက်တာ ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉ ၂၄၂ (Great Father Land ဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရစ်ကျငွေပေးချေမှုစနစ်ဖြင့် စာချုပ်စာတမ်းချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါတိုက်ခန်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ သော့ခတ်ခြင်း၊ အကျိုးဖျက်ဆီးခြင်း မပြုလုပ်ရန် တားမြစ်ပါသည်။ အကယ်၍ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာမမ (စဉ်-၇၂၂၆) ဒေါ်ဝင်းလဲ့လဲ့နိုင် (စဉ်-၄၁၀၃၄)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း(၁၀)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၇၃၁၂၁၅၇၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ရန်နိုင်အောင်(နိုင်ငံသားစိစစ်ရေးကတ်) လျှောက်ထားဆဲသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို (လုံးဝ)တာဝန်မယူပါ။

ဦးသန်းမြင့်-ဒေါ်ခင်မိုးသူ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

မြန်မာ့သစ်လုပ်ငန်းပိုင် မော်လိုက်အရှေ့သစ်ထုတ်ရေးဒေသ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယာဉ်အမှတ်- (1)1B-7543 (2)1B-5934 (3)1B-7566 (4)1B-7574 (5) 1B- 7545 (6)1B-7573 (7)1B-5936 (8)1B-7571 (9)G-4050 (10)G-7571 (11)I-8931 (12)I-8920 (13)J-5311 (14)I-8251 (15)H-8712

ကညန၊ ခရိုင်ရုံး(ကလေး)



ဗိဿနိုးမြို့ဟောင်း၌ ဆိုလာဖြင့်ရေတင်ကာ ဆောင်းသီးနှံမျိုးစုံစိုက်ပျိုး

တောင်တွင်းကြီး ဇန်နဝါရီ ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဗိဿနိုးမြို့ဟောင်းတောင်ဘက် ဂျုပ်ကုန်းကျေးရွာမှ ဒေသခံတောင်သူများသည် ရန်ပယ်ချောင်းဘေးရှိ သဘာဝအရင်းအမြစ်ဖြစ်သော မြေအောက်ရေကို တူးဖော်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့်ရေတင်၍ ဆောင်းသီးနှံဖြစ်သည့် မတ်ပဲ၊ကုလားပဲ၊ ကြက်သွန်၊ အာလူး၊ ပြောင်းဖူး၊ ငရုတ်၊ ဘူး၊ ဖရုံ၊ သခွားစသည့်သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းအောင် မြင်လျက်ရှိကြောင်း သိရသည်။

ယခုလို နေရောင်ခြည်သုံးဆိုလာပြားများဖြင့် မြေအောက်ရေသုံးစွဲနိုင်ခြင်းကြောင့် စက်သုံးဆီကုန်ကျစရိတ်လုံးဝမရှိဘဲ ၁ နာရီလျှင် ရေဂါလန် ၆၀၀၀၀ မှ ၉၀၀၀၀ အထိ ထုတ်လုပ်သုံးစွဲနိုင်ခြင်းကြောင့် တောင်သူများ ရာသီမရွေး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်ခြင်း၊ မိုးခေါင်ရေရှားဒေသဖြစ်သော်လည်း ဗိဿနိုးဒေသ စိမ်းလန်းစိုပြည်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များသောက်သုံးရေ ဖူလုံစွာရှိခြင်း၊ ကျေးရွာမီးလင်းခြင်းစသည့် ကျေးဇူးများခံစားနေရပြီဖြစ်ကြောင်း ဂျုပ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ဂျုပ်ကုန်းကျေးရွာမှာ တောင်သူများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆည်မြောင်းဦးစီးအရာရှိတို့က ဇန်နဝါရီ ၁၁ ရက်တွင် ကွင်းဆင်းတွေ့ဆုံခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များတင်ပြတောင်းဆိုမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

ထောင့်သန်းနှင့် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

လပွတ္တာ ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် မြွေဟောက်ကျေးရွာ၌ မွေးမြူထားသော တိရစ္ဆာန်များကို ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထောင့်သန်းနှင့် ခွေးရူးရောဂါကာကွယ်ဆေးများကို ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်း၍ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သိန်းဝင်း ဦးဆောင်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးအရာရှိ ဒေါက်တာ စိုးလှိုင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြွေဟောက်ကျေးရွာ ဒေသခံများ၏ နွား ၅၄၇ ကောင်ကို ထောင့်သန်းရောဂါကာကွယ်ဆေးများနှင့် ခွေး ၁၂၃ ကောင်ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

